ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၃ ရက်၊ တနင်္လာနေ့ (4-8-2008) (၅၇၆၀)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပေကျင်းအိုလံပစ်ပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်မည်

နေပြည်တော် ဩဂုတ် ၄

ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပမည့် ပေကျင်းအိုလံပစ်ပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရန် မကြာမီအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်မည်ဖြစ်သည်။ (သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် မြောက်ပိုင်းခရိုင်ရှိ ဘုန်းတော်ကြီးစာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်များသို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ ကျင်းပ

သီလခံယူ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် ဧည့်ပရိသတ်များ ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၁၈ တိုက်နှင့် သီလရှင်စာသင်တိုက် သုံးတိုက်တို့သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၃

ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၁၈ တိုက်နှင့် သီလရှင်စာသင်တိုက် သုံးတိုက်တို့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပိတောက်လမ်းရှိ ဓမ္မမေဒိနီပရိယတ္တိ စာသင်တိုက်၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညိုပြီး ဆရာတော်၊ သံဃာတော်များအား သက်န်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

အဆိုပါ အခမ်းအနားသို့ မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက် ၁၈ တိုက်တို့မှ ပဓာနနာယက ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များ၊ သီလရှင်စာသင်တိုက် သုံးတိုက်တို့မှ သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စေတနာရှင် အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက် ကြည်ညိုကြသည်။

ရှေးဦးစွာ မြောက်ဥက္ကလာပမြို့နယ် မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ပုရွက်ဆိတ်ကုန်းရပ်ကွက် သီရိမင်္ဂလာ နတ်မောက်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသီလာစာရထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အမှူးပြုသော ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက သီရိမင်္ဂလာ နတ်မောက်ကျောင်းတိုက် ဆရာတော်အား သင်္ကန်း အစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူး၊ ဒုတိယမြို့တော်ဝန်၊ တပ်မတော် အရာရှိကြီးများနှင့် အလှူရှင်များက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့် ပဲတို့ကို တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများကိုယ်စား တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိကြီး သုံးဦးတို့က ဆရာတော်နှင့် သီလရှင်ဆရာကြီးများထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့် ပဲတို့ကို တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၊ သတ္တုတွင်းဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်းလုပ်ငန်းနှင့် အလှူရှင်များက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို အလှူရှင်များက ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❁

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ❁ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ❁ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ❁ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ❁ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- ❁ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❁ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ❁ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❁ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ❁ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ❁ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ❁ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ❁ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ
The Mirror

၄-၈-၂၀၀၈
(တနင်္လာနေ့)

ခိုင်းကျွဲ၊ ခိုင်းနွားများကျန်းမာမှု မပြတ်ဂရုပြု လည်ချောင်းကွဲနှင့် ခွာနာလျှာနာရောဂါ ကြိုတင်ကာကွယ်

နိုင်ငံတော်က စိုက်ပျိုးရေ လုံလောက်စွာရရှိရေး အပါအဝင် သီးနှံမျိုးသစ်များ၊ ခေတ်မီစိုက်နည်းစနစ်နှင့် လိုအပ်ချက်များကို ပံ့ပိုးကူညီဖြည့်ဆည်းပေးလျက်ရှိရာ တောင်သူလယ်သမားများ စပါးကို မိုးရာသီတွင် တစ်ကြိမ်သာစိုက်ပျိုးခဲ့ရာမှ ယခုအခါတစ်နှစ်ပတ်လုံး စိုက်ပျိုးထုတ်လုပ်နေကြပြီဖြစ်သည်။ မိုးစပါး၊ နွေစပါးအပြင် မြေပဲ၊ နှမ်း၊ နေကြာ၊ ဆီထွက်သီးနှံများ၊ ပဲအမျိုးမျိုး၊ ချည်မျှင်ရှည်ဝါ ပြောင်းနှင့်ကြံတို့ကို ရာသီမလပ်တိုးချဲ့စိုက်ပျိုးနေကြသည်။

ယခုအချိန်သည် စပါးစိုက်ပျိုးရာသီဖြစ်ရာ လယ်ယာလုပ်ငန်းခွင်တွင် အထောက်အကူပြုနေသည့် ကျွဲ၊ နွားများ ရောဂါမကျရောက်ရေး ဂရုပြုကြရမည်ဖြစ်သည်။ ဩဂုတ်လနှင့် စက်တင်ဘာလတို့သည် စွတ်စိုသောကာလဖြစ်ရာ ကျွဲ၊ နွားများ၌ ခွာနာလျှာနာရောဂါ ဖြစ်ပွားတတ်သည်။ အဆိုပါရောဂါဖြစ်ပွားလျှင် ကိုယ်အပူချိန်တက်ခြင်း၊ လျှာ၊ ပါးစပ်များမှ သွားရည်များကျလာခြင်း၊ ရောဂါစတင်ဖြစ်ပွားပြီး နှစ်ရက်ခန့်အကြာတွင် လျှာ၊ အရေပြားကွာလာခြင်း၊ အစာမစားနိုင်ခြင်း၊ လျှာနှင့်ခွာများတွင် အနာများပေါက်၍ လမ်းမလျှောက်နိုင်ခြင်း လက္ခဏာများ တွေ့ရမည်ဖြစ်သည်။

ထို့အပြင် ကျွဲ၊ နွားများ၌ လည်ချောင်းကွဲရောဂါလည်း ဖြစ်ပွားတတ်သဖြင့် သတိပြုကာကွယ်ကြရမည်ဖြစ်သည်။ လည်ချောင်းကွဲရောဂါဖြစ်နေသည့် တိရစ္ဆာန်များသည် နှာသီးဖျားခြောက်ခြင်း၊ ဦးခေါင်းငိုက်စိုက်ကျပြီး နားရွက်များ တွဲလဲကျနေတတ်ခြင်း၊ အပူချိန်မြင့်တက်ခြင်း၊ ချောင်းဆိုးခြင်းနှင့် အသက်ရှူမြန်ခြင်း၊ အစားပျက်ခြင်းများဖြစ်နေတတ်ပြီး ရက်ပိုင်းအတွင်း သေဆုံးနိုင်ကြောင်းသိရသည်။

ကျွဲ၊ နွားလည်ချောင်းကွဲရောဂါနှင့် ခွာနာလျှာနာရောဂါတို့သည် တိရစ္ဆာန်အချင်းချင်း၏ သွားရည်၊ ဆီး၊ ဝမ်း၊ နှာရည်များမှတစ်ဆင့် ကူးစက်နိုင်သည့်အပြင် ကျွဲ၊ နွား ကိုင်တွယ်သူများမှတစ်ဆင့်လည်း ကူးစက်စေနိုင်သည်ကို သတိပြုကြရမည်ဖြစ်သည်။

ကျွဲ၊ နွားရောဂါများသည်အချိန်မီသိရှိကုသပါက ပျောက်ကင်းနိုင်သည်ဖြစ်ရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ထုတ်လုပ်ပေးထားသော ကာကွယ်ဆေးများကို သတ်မှတ်ကာလနှင့်အညီ ကြိုတင်ကာကွယ် ဆေးထိုးနှံခြင်း၊ သတိပေးနှိုးဆော်ချက်များ လိုက်နာဆောင်ရွက်ခြင်းတို့ဖြင့် ခိုင်းကျွဲ၊ ခိုင်းနွားများ ခွာနာလျှာနာနှင့် လည်ချောင်းကွဲ ရောဂါဖြစ်ပွားခြင်းတို့မှ ကြိုတင်ကာကွယ်နိုင်ကြမည်ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် ဧည့်ပရိသတ်များ ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိ ကျောင်းတိုက်ပေါင်း ၁၃၇ ကျောင်းတို့မှ ဝါဆိုသံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြစဉ်။ (စွမ်းအင်)

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိ ကျောင်းတိုက်များမှ ဝါဆိုသံဃာတော်များအား ဝါဆိုသင်္ကန်းဆက်ကပ်

နေပြည်တော် ဩဂုတ် ၃

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ဇူလိုင် ၂၈ ရက်တွင် ကွမ်းခြံကုန်းမြို့ရှိ ဓမ္မိကာရုံကျောင်းတိုက်၌ ကျင်းပသော ကွမ်းခြံကုန်း မြို့နယ်အတွင်းရှိ ကျောင်းတိုက်ပေါင်း ၁၃၇ ကျောင်းတို့မှ ဝါဆိုသံဃာတော်၁၀၇၇ပါးတို့အား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ကွမ်းခြံကုန်းမြို့နယ် သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဓမ္မိကာရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဇဝနတိက္ခထံမှ ငါးပါးသီလခံယူ ဆောက်တည်သည်။

ယင်းနောက် ဝန်ကြီးနှင့် တာဝန်ရှိသူတို့က ကွမ်းခြံကုန်းမြို့နယ် သံဃနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌဆရာတော်အား အမှူးထား၍ ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိ ဝါဆိုသံဃာတော်များအတွက် ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ဆရာတော်က အနုမောဒနာ တရားကို ဟောကြားတော်မူပြီး ပရိသတ်တို့က လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စင်ကာပူသမ္မတနိုင်ငံ ရွှေဘုရားကျောင်းဆရာတော် Ven. Shi Fazhao ကိုယ်စား သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က ဒေးဒရဲမြို့နယ် လေးရွာတွင် လူနေအိမ် ၅၅ လုံး ဆောက်လုပ်ရန်အတွက် အလှူငွေကျပ်သိန်း ၃၃၀ ကို ဘဏ္ဍာငွေ လက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်

ရန်ကုန် ဩဂုတ် ၃

မော်လမြိုင်မြို့ သမိုင်းဝင်ရွှေတောင်ကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် သာသနာပြုနယ်လှည့်ဓမ္မကထိက (ဗဟုဇနဟိတဓရ) ဘွဲ့ရဆရာတော် ဘဒ္ဒန္တဝိမလသည် ဝါတွင်းလေးလတွင် မွန်ပြည်နယ် မော်လမြိုင်မြို့နယ်နှင့် ပေါင်မြို့နယ်တို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဩဂုတ် ၁၆ ရက်တွင်ပေါင်မြို့နယ် မုတ္တမသုခမင်္ဂလာကျောင်းဓမ္မာရုံ၌ လည်းကောင်း၊ဩဂုတ် ၂၄ရက်တွင် မော်လမြိုင်မြို့ သီရိမြိုင်ရပ်ကွက် အတုလမာန်အောင် ဘုရားဓမ္မာရုံ၌ လည်းကောင်း၊ ဩဂုတ် ၃၀ ရက်တွင် ကျိုက်သလ္လံစေတီတော်မြတ်ကြီး၏ ပဋ္ဌာန်းဓမ္မာရုံ၌ လည်းကောင်း၊ ဩဂုတ် ၂၉ရက်တွင် မော်လမြိုင်မြို့ ကျိုက်ဖနဲရပ်ကွက်ရှိ ရွှေကြက်ယက်ဘုရားဓမ္မာရုံ၌ လည်းကောင်း၊ ဩဂုတ် ၃၀ ရက်ညတွင် မော်လမြိုင်မြို့၊ သာသနာ့ ဗိမာန်တော်ကြီး၌ လည်းကောင်း၊ ဩဂုတ် ၃၁ ရက်တွင် မော်လမြိုင်မြို့သမိုင်းဝင် ရွှေတောင်ကျောင်းတိုက်၌ လည်းကောင်း၊စက်တင်ဘာ ၁၄ ရက်တွင် မော်လမြိုင်မြို့ ဦးဇိနစေတီတော်မြတ်ကြီး ဓမ္မာရုံ၌ လည်းကောင်း၊ အောက်တိုဘာ ၇ ရက်တွင် ပေါင်မြို့နယ် မုတ္တမကျေးရွာအုပ်စု ကော့စိုင်ကျေးရွာ အောင်သိဒ္ဓိကျောင်း ဓမ္မာရုံ၌ လည်းကောင်း၊ အောက်တိုဘာ ၁၄ ရက်တွင် ကျိုက်သုတ်စေတီတော်မြတ်ကြီး ဓမ္မာရုံ၌ လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ (၃၀၇)

အလုံမြို့နယ် စက်တွင်းလမ်း ဂဠုန်ရပ်ကွက်နေ နှစ်ဖက်သော ဘိုးဘွားများနှင့် မိဘများအား အမှူးထားပြီး မောင်အောင်ကျော်မင်း-မဖြူဖြူခင် တို့၏ (၃)နှစ်ပြည့် မင်္ဂလာ အထိမ်းအမှတ်အဖြစ် ဘိုးဘွားများအားတစ်နေ့တာအထူးအာဟာရကျွေးမွေးရန် ငွေကျပ်၁၅၀၀၀၀ ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာတွဲဖက်ဘဏ္ဍာရေးမှူး ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

လေဘေးသင့်ဒေသများရှိ ဘုန်းတော်ကြီးကျောင်းနှင့် နေအိမ်များ ပြန်လည်တည်ဆောက်ရန် အလှူငွေပေးအပ်

ရန်ကုန် ဩဂုတ် ၃

လေဘေးသင့်ဒေသများရှိဘုန်းတော်ကြီးကျောင်းနှင့်နေအိမ်များ ပြန်လည်တည်ဆောက်ရန်နှင့်နယ်စပ်ဒေသနှင့် တောင်တန်းသာသနာပြု သင်တန်းကျောင်း ဆောက်လုပ်ရန်တို့အတွက် အလှူငွေပေးအပ်ပွဲကိုယမန်နေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ သာသနာရေး ဝန်ကြီးဌာန ရုံးခွဲ၌ ကျင်းပရာ စင်ကာပူသမ္မတနိုင်ငံ ရွှေဘုရားကျောင်းဆရာတော် Ven. Shi Fazhaoကိုယ်စားသာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က ဒေးဒရဲမြို့နယ် လေးရွာ၌ လူနေအိမ်၅၅လုံး ဆောက်လုပ်ရန်အတွက် အလှူငွေကျပ်သိန်း ၃၃၀ကို ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေထံ လည်းကောင်း၊ မန္တလေး ဗုဒ္ဓသာသနာပြန့်ပွားရေးအသင်းနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တတိက္ခကိုယ်စား ဆရာတော် မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ နေမိန္ဒနှင့်ဒါယကာ၊ဒါယိကာမများကမော်လမြိုင်ကျွန်းမြို့နယ်ကြက်လျှာကျေးရွာ၌ ဆောက်လုပ်မည့်ဘုန်းတော်ကြီးကျောင်းအတွက် အလှူငွေကျပ်သိန်း၁၀၀နှင့် နယ်စပ်ဒေသနှင့် တောင်တန်းသာသနာပြု သင်တန်းကျောင်းဆောက်လုပ်ရန်အတွက် ဦးမောင်မောင်ထွန်း-ဒေါ်ဝင်းရီ (မောင်မောင်ထွန်း-အီလက်ထရွန်နစ်) တို့က ငွေကျပ် သိန်း ၂၀ တို့ကို သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်ထံလည်းကောင်းပေးအပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ဇနီး ဒေါ်ကြင်မြိုင်တို့ ဗဟန်းမြို့နယ် အလယ်တောရ စာသင်တိုက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၃

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၇နာရီတွင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အလယ်တောရစာသင်တိုက်၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ဇနီး ဒေါ်ကြင်မြိုင်တို့ တက်ရောက်ကြည်ညို၍ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အစီအစဉ်အရ ဗဟန်းမြို့နယ် အလယ်တောရစာသင်တိုက် ပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဂန္ဓမာလာဘိဝံသထံမှ တိုင်းမှူး၊ ဇနီးနှင့် ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက်ဆရာတော်၊ သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြပြီး ဆရာတော်၊ သံဃာတော်များအား တိုင်းမှူး၊ ဇနီးနှင့် တာဝန်ရှိသူများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ အလယ်တောရ စာသင်တိုက်ဆွမ်းပဒေသာပင်အတွက် တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၁၀သိန်းနှင့် ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံးက ငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းရာဂေါပကအဖွဲ့မှ ဥပါသကာတစ်ဦးက လက်ခံသည်။

ယင်းနောက် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဂန္ဓမာလာဘိဝံသထံမှ တိုင်းမှူး၊ ဇနီးနှင့်ဧည့်ပရိသတ်များက အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေကာ ကျောင်းရှိ သံဃာတော် အပါး ၁၀၀ အား တိုင်းမှူး၊ ဇနီးနှင့် တာဝန်ရှိသူတို့က ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၃

၂၀၀၈ ခုနှစ် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)ရှိ သံဃာတော် ၃၁၇ ပါးအား ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာနမှ တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၃၁ရက် နံနက် ၁၀ နာရီက ကမ္ဘာအေးကုန်းမြေရှိ မိုးကုတ်ဆွမ်းစားဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းနှင့်ဇနီးဒေါ်နွယ်နီစမ်း**(အပေါ်ပုံ)** တို့က တစ်နေ့တာဆွမ်းအလှူငွေ ကျပ် ၄၅၀၀၀၀ လှူဒါန်းကြောင်း သတင်းရရှိသည် (သတင်းစဉ်)

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အခြေခံပညာမူလတန်းကျောင်း အမှတ်(၉)တွင် ကျောင်းသား၊ ကျောင်းသူများ အာဟာရဖွံ့ဖြိုး ဉာဏ်ရည်တိုး အစီအစဉ်ဖြင့် အလှူရှင်ဦးကြည်ဝင်း -ဒေါ်အေးအေးလှိုင်၊ သား မောင်ပြည့်လင်းတို့ ဇူလိုင် ၃၀ရက်က ကြက်သားဆန်ပြုတ် တိုက်ကျွေးစဉ်။ (၅၃၂)

နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ဆက်လက်ရောက်ရှိ

ရန်ကုန် ဩဂုတ် ၃

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိကြရာ ထိုင်းနိုင်ငံအခြေစိုက် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်(WFP)မှ လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများ စုစုပေါင်း ၃၄ ဒသမ ၅၁၅ တန်သည် ယမန်နေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိလာကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစု ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့်ဇနီးဒေါ်မြင့်မြင့်ကိုတို့အားအမှူးထား၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဩဂုတ် ၁ ရက်တွင် ရန်ကုန်မြို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဓမ္မာရုံ၌ကျင်းပရာ ရွှေသုဝဏ်ကျောင်းတိုက် ပဓာနဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တသိဒ္ဓိယ အမှူးပြုသော ပင့်သံဃာတော် ၁၀ ပါးကြွရောက်တော်မူကြပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိဒ္ဓိယထံမှပရိသတ်များကငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများကို ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများကဆက်ကပ်လှူဒါန်းကြပြီးကျားကူးဓမ္မဗိမာန်ကျောင်းတိုက် စာချဆရာတော် ဂန္ဓဝါစကဘဒ္ဒန္တအိန္ဒေဘာသထံမှ အနုမောဒနာတရားနာကြားကြ၍ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ငွေကျပ် ၄၂ သိန်းပါ အထုပ်တစ်ထုပ် ကောက်ရ၍ ရဲတပ်ဖွဲ့စခန်းသို့ အပ်နှံသူအား ဂုဏ်ပြု

ရန်ကုန် ဩဂုတ် ၃

ငွေကျပ် ၄၂ သိန်းပါ အထုပ်တစ်ထုပ်ကို ချိုပုတ်တစ်ခုအတွင်း တွေ့ရှိရာမှ ရိုးသားစွာ ရဲတပ်ဖွဲ့စခန်းသို့ အပ်နှံခဲ့သူအား ဂုဏ်ပြုဆုငွေပေးအပ်ပွဲကို ဩဂုတ် ၁ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၃၀ ရက်က ပုဇွန်တောင်မြို့နယ် (၃) ရပ်ကွက် အဏ္ဏဝါအောင်ငါးလုပ်ငန်းဝင်းအတွင်းနေ ဦးစိုးရှိန်၏နေအိမ်မှ ပျောက်ဆုံးခဲ့သည့် ငွေကျပ်၄၂သိန်းပါ အထုပ်တစ်ထုပ်ကိုဂုင်းနေအိမ်အနီးချိုပုတ်အတွင်းမှ မောင်ကျော်ဆန်းဦး(ခ) ပေါက်စက တွေ့ရှိပြီးအဘွားဖြစ်သူဒေါ်နီထံ ပြောပြကာ ပုဇွန်တောင် ရဲတပ်ဖွဲ့စခန်းသို့ အပ်နှံခဲ့ခြင်းဖြစ်သည်။ ရိုးသားစွာ အပ်နှံခဲ့သူ မောင်ကျော်ဆန်းဦး (ခ) ပေါက်စနှင့် အဘွားဖြစ်သူ ဒေါ်နီတို့အား ရန်ကုန်အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်အေးက ဂုဏ်ပြုဆုငွေကျပ်သုံးသိန်းချီးမြှင့်ကြောင်း သိရသည်။ **(အောက်ပုံ)** (ကြေးမုံ)

ပညာရေးဝန်ကြီးဌာနလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ ဝန်ကြီး ဒေါက်တာချမ်းငြိမ်းတက်ရောက်၍ အမှာစကားပြောကြား

နေပြည်တော် ဩဂုတ် ၃

ပညာရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁ရက် နံနက် ၈နာရီခွဲတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းတက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်နှင့် တိုင်းပညာရေးမှူးများက မိမိတို့ ပြည်နယ်နှင့် တိုင်းအလိုက် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး၊ ကျောင်းစစ်ဆေးရေး ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက် ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်ချက်များကို ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ တက္ကသိုလ်ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များက သင်ကြားရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကိုရှင်းလင်းတင်ပြကြရာ ဝန်ကြီးကလိုအပ်ချက်များကို ဖြည့်စွက်မှာကြားပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပထမနေ့ အစီအစဉ်များကို ရပ်နားသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရာပညာရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာန၊ အဖွဲ့များမှ ညွှန်ကြားရေးမှူးချုပ်များကဌာနအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်ချက်များကို ဖြည့်စွက်မှာကြားသည်။ ဆက်လက်၍ ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်မျိုးမင်းက အခြေခံပညာကဏ္ဍ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးမျိုးညွန့်က အဆင့်မြင့်ပညာ ကဏ္ဍ လုပ်ငန်း ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြပြီး လိုအပ်ချက်များကို ဖြည့်စွက် ဆွေးနွေးကြသည်။

ထို့နောက် ဝန်ကြီးက ပညာရေးကဏ္ဍ တိုးတက်မြင့်မားလာအောင် တာဝန်ရှိသူအားလုံးပူးပေါင်းဆောင်ရွက်ကြရန်မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပုဂံမြို့သဗ္ဗညုစေတီတော်ကြီး ဒုတိယအကြိမ်ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း အလှူတော်မင်္ဂလာတွင် ကုသိုလ်ပါဝင်လှူဒါန်းကြရန် နှိုးဆော်

နေပြည်တော် ဩဂုတ် ၃

ပုဂံမြို့ဟောင်း ဉာဏ်တော် ၂၀၁ပေရှိ သဗ္ဗညုစေတီတော်ကြီးအား ဒုတိယအကြိမ် ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်နေပြီဖြစ်ရာ ရွှေသင်္ကန်းအလှူတော်မင်္ဂလာတွင် ကုသိုလ်ပါဝင်လှူဒါန်းနိုင်ရန်အတွက် အောက်ပါနေရာများသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်-

သဗ္ဗညုကျောင်း၊ ပုဂံမြို့	-	၀၆၁-၆၀၀၈၈
သဗ္ဗညုစေတီတော်၊ ဂေါပကအဖွဲ့၊ ပုဂံမြို့	-	၀၆၁-၆၀၈၅၄
ဦးစံရွှေအောင်၊ ရုံးအဖွဲ့မှူး၊ ဝန်ကြီးရုံး၊ ဆက်သွယ်ရေး စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၊ နေပြည်တော်	-	၀၆၇-၄၀၇၁၅၈

(သတင်းစဉ်)

အမှာစကားပြောကြား

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ပညာရေးဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

(ပညာရေး)

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ သံအမတ်ကြီး ခန့်အပ်ရန် သဘောတူ

နေပြည်တော် ဩဂုတ် ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်း ခံရသော သံအမတ်ကြီးအဖြစ် မစ္စတာဂျူးလီးယက်ဂျော့လ့ွင်အား ခန့်အပ်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာဂျူးလီးယက်ဂျော့လ့ွင်သည် ရိုင်းဟော့စ်ဆန်မြို့၌ ၁၉၅၃ခုနှစ် ဇူလိုင် ၂၀ရက်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၇၂ခုနှစ်မှ ၁၉၇၃ခုနှစ်အထိ တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၉ခုနှစ်တွင် ကိုလုံးတက္ကသိုလ်မှ ဥပဒေဘွဲ့ရရှိခဲ့ပြီး ၁၉၇၉ခုနှစ်မှ ၁၉၈၁ခုနှစ်အထိ အော့စ်ဘာ့ခ်နှင့် ကိုလုံးတက္ကသိုလ်၌ လက်ထောက်ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည်ဂျာမနီ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ၁၉၈၁ခုနှစ်တွင် စတင်ဝင်ရောက် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၁ခုနှစ်မှ ၂၀၀၄ခုနှစ်အထိ ဂျာမနီနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ထိုင်း၊ လက်ဘနွန်၊ ဘယ်လ်ဂျီယံနှင့် ရုရှားနိုင်ငံများရှိ ဂျာမနီသံရုံးများ၌ ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ မစ္စတာဂျူးလီးယက်ဂျော့လ့ွင်သည် ၁၉၉၈ခုနှစ်မှ ၂၀၀၁ခုနှစ်အထိ ဟေတီနိုင်ငံဆိုင်ရာ ဂျာမနီသံအမတ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၁ခုနှစ်မှ ၂၀၀၄ခုနှစ်အထိ ဂျာမနီနိုင်ငံခြားရေး ဝန်ကြီးဌာနရှိ ပတ်ဝန်းကျင်နှင့် ဇီဝနိုင်ငံရေးရာ ကိစ္စရပ်များဆိုင်ရာသံအမတ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၀၄ခုနှစ်မှ ယနေ့တိုင် အိန္ဒိယသမ္မတနိုင်ငံနယူးဒေလီမြို့ရှိ ဂျာမနီသံရုံး၌ သံရုံးဒုတိယအကြီးအကဲ (သံမှူးကြီး)အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ (သတင်းစဉ်)

○ **ကျောဖုံးမှ**

ဝန်ကြီး ဦးအောင်ကြည်တို့က ပြည်ပအလုပ်အကိုင် အခွင့်အလမ်း ဖွံ့ဖြိုးရေးအတွက် ဥပဒေနှင့်အညီ လုပ်ငန်းများလွယ်ကူ ချောမွေ့စွာ လုပ်ဆောင်ပေးလျက်ရှိမှု၊ လိုင်စင်ရ ကုမ္ပဏီများသည် ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေနှင့် သတ်မှတ်ထားသောလုပ်ထုံးလုပ်နည်း၊စည်းမျဉ်းစည်းကမ်းများနှင့်အညီ အတိအကျ လိုက်နာရန် အရေးကြီးမှုများနှင့် စပ်လျဉ်း၍ဆွေးနွေးမှာကြားကြသည်။

ယင်းနောက် ပြည်ပအလုပ်အကိုင် လုပ်ငန်း၊ အကျိုးဆောင်လိုင်စင်ရ ကုမ္ပဏီများမှ တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာများကို တင်ပြကြပြီး တာဝန်ရှိသူများက လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဥတုရာသီ တောကိုမှီ၏

အိုလံပစ်ပွဲတော်ကျင်းပရန် ငါးရက်အလို ပေကျင်းမြို့တော်လေထု သန့်ရှင်းမှုရှိလာ

ပေကျင်း ဩဂုတ် ၃

အိုလံပစ်အားကစားပွဲတော်ကျင်းပမည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တွင် တနင်္ဂနွေနေ့က အပြာရောင်ကောင်းကင်နှင့် နေရောင်ခြည်တို့ လွှမ်းခြုံလာပြီဖြစ်ရာ လေထုညစ်ညမ်းမှုကြောင့်ပြိုင်ပွဲအစီအစဉ်အချို့ ပြောင်းလဲနိုင်သည့် အခြေအနေများမှ ရှောင်လွှဲနိုင်မည့် အနေအထားသို့ ရောက်ရှိလာကြောင်းအင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ပေကျင်းမြို့တော် လေထုညစ်ညမ်းမှု အညွှန်းကိန်းမှာ စနေနေ့က ၃၄ရှိခဲ့ရာမှ၃၅သို့မြင့်တက်လာခဲ့သော်လည်း အဆင့်အနေဖြင့်မူ အဆင့်(၁)မှာပင် နေမြဲအတိုင်း ရှိနေသေးကြောင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး ဝန်ကြီးဌာန ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

လေထုညစ်ညမ်းမှုကြောင့် အားကစားပြိုင်ပွဲအစီအစဉ်များရွှေ့ပြောင်းရမည့်အခြေအနေများမှာ ဖြစ်နိုင်ခြေ အလွန်နည်းသွားပြီဟု ယုံကြည်ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုထိန်းချုပ်ရေးဌာနမှ ညွှန်ကြားရေးမှူး ဖန်ယွမ်ရှန်းက ပြောကြားသည်။

ပေကျင်းမြို့တော် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို အဓိကဖြစ်ပေါ်စေသည့် သံမဏိလုပ်ငန်းများကို နေရာရွှေ့ပြောင်းခဲ့ခြင်း၊မြို့တော်ရှိမော်တော်ယာဉ် ၃ဒသမ၃သန်းခန့်အနက် ထက်ဝက်ခန့်ကို လမ်းများပေါ်မှ ဖယ်ရှားခဲ့ခြင်း၊ ဆောက်လုပ်ရေး စီမံကိန်း အများအပြားကို ရပ်နားစေခဲ့ခြင်း၊ လေထုညစ်ညမ်းမှု ပြန်လည်သန့်စင်ရေးကိရိယာများ တပ်ဆင်တည်ဆောက်ခဲ့ခြင်းနှင့် သဘာဝမြေအောက်အပူဓာတ်ကို အကျိုးရှိစွာ ထုတ်ယူသုံးစွဲခြင်းတို့ကို အာဏာပိုင်များကဆောင်ရွက်ခဲ့ကြောင်း အဆိုပါသတင်းတွင်ဖော်ပြထားသည်။

ဆင်ဟွာ။

✳ **သန့်ရှင်းသာယာမှ**

တစ်နိုင်ငံလုံးကြိုးစားပြီး ကမ္ဘာကလည်းကောင်း၊ အားကစားသမားများကလည်းကောင်း၊ ပရိသတ်များကလည်းကောင်း ကျေနပ်နှစ်သက်ကြစေရန် အဆင့်မြင့်သောအားကစားပြိုင်ပွဲများကို ဧည့်ခံကျင်းပပေးမှာဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။ ထို့နောက် ဝန်ကြီးချုပ်သည် အားကစားရုံများတွင် အလုပ်လုပ်နေကြသော လုပ်အားပေးများကို တွေ့ဆုံပြီး တာဝန်သိစွာဖြင့် ဂရုတစိုက် ထမ်းဆောင်ကြရန် တိုက်တွန်းပြောကြားခဲ့သည်။ပေကျင်းမြို့သူမြို့သား တစ်သန်းခန့်သည် ပေကျင်းအိုလံပစ်ပွဲတွင် လုပ်အားပေးများအဖြစ် တာဝန်ယူလျက်ရှိသည်။ ***အင်တာနက်။***

ထူး ခြား ဆန်း ပြား အင် တာ နက် သ တင်း ဓာတ် ပုံ များ

ဩဂုတ် ၁ရက်က အမေရိကန်ပြည်ထောင်စု ကော်လိုရာဒိုစပရင်း၌ ကျင်းပသော ၂၀၀၈-ယူအက်စ်စီနီယာအိုးပင်း ချန်ပီယံရှစ် ဂေါက်ရိုက်ပြိုင်ပွဲ ဒုတိယနေ့ ပွဲစဉ်တွင် ဝက်ဝံနက် တစ်ကောင် အမှတ်(၁၃)ကျင်းပေါ်သို့ ဖြတ်ပြေးနေသည်ကို တွေ့ရစဉ်။ (အပေါ်ပုံ)

မိခင်မေတ္တာ

ကင်ညာနိုင်ငံ ကာနေးမြို့ အရှေ့ပိုင်းရှိ ဆာဖာရီ သဘာဝဥယျာဉ်တွင် မွေးပြီးပြီးချင်း မိခင်ကျားမကြီး၏ စွန့်ပစ်ခြင်းခံရသော ကျားဖြူကလေးသုံးကောင်အား အမဲလိုက်ခွေးမကြီးတစ်ကောင်က နို့တိုက်နေသည်ကို ဇူလိုင် ၃၀ရက်က တွေ့ရစဉ်။

(ယာပုံ)

အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ ကျုံ၀ါးကျေးရွာ စိုက်ပျိုးပညာပေးစခန်းရှိ စံပြစိုက်ကွက်များအား ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ ကျုံ၀ါးကျေးရွာ စိုက်ပျိုးပညာပေးစခန်းကြည့်ရှု

ရန်ကုန် ဩဂုတ် ၃

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေသည် ဇူလိုင် ၂၉ ရက် နံနက်ပိုင်းတွင် မြောင်းမြမြို့ ရွှေဗုဒ္ဓေါစေတီတော်သို့ သွားရောက်ဖူးမြော်ကန်တော့ပြီး စေတီတော်ဘက်စုံမွမ်းမံပြင်ဆင်ရန်အတွက် အလှူငွေကျပ် တစ်သိန်းအား စေတီတော် ဂေါပကအဖွဲ့ဝင် ဦးကျော်ဇံသိန်းထံသို့ ပေးအပ်လှူဒါန်းကာ စေတီတော်ဝတ္တကမြေ၌ လုမ္ဗိနီအင်ကြင်းပင်အား အမှတ်တရ စိုက်ပျိုးသည်။

ထို့နောက် တိုင်းမှူးသည် တာဝန်ရှိသူများနှင့်အတူ မြောင်းမြ-အိမ်မဲကားလမ်းအနီး ကျုံ၀ါးကျေးရွာ စိုက်ပျိုးပညာပေးစခန်း တောင်သူဦးသိန်းဆိုင်ထွန်း၏ ကွင်းအမှတ် ၂၁၈/၁၅၁၆ ဦးပိုင်အမှတ် ၁၂/၄ တွင် မိုးစပါးစမ်းသပ်ကွက်၌ မျိုးယှဉ်ပြိုင် စမ်းသပ်ကွက်၊ မြေဆီလွှာထက်သန်ရေး မြေဩဇာ စမ်းသပ်ကွက်၊ တီကောင်စွန့်ပစ်မြေဩဇာ၊ တီကျစ်စာစမ်းသပ်ကွက်၊ ခေါင်နှံမျိုးပွားခြင်း စမ်းသပ်ကွက်၊ SRI ပျိုးသက်နုစမ်းသပ်ကွက် အလိုက်ကိုလည်းကောင်း၊ တောင်သူနှင့် ကောက်စိုက်လုံမေများက တမန်းနှိုးခြင်း၊ ပေါင်းရှင်းခြင်း၊ မြေဩဇာ ကြဲပက်ခြင်းနှင့် စိုက်ပျိုးနေမှုကိုလည်းကောင်း ကြည့်ရှုအားပေးကာ တာဝန်ရှိသူများ၏ လိုက်လံရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ဧရာဝတီတိုင်း၏ ၂၀၀၈-၂၀၀၉ ခုနှစ် မိုးစပါးလျာထားဧက ၃၇ သိန်းအနက် ယနေ့အထိ ဧက ၃၀ ဒသမ ၆ သိန်း စိုက်ပျိုးပြီးစီးပြီဖြစ်ကာ ရေတော် မိုးတော်စိုက်ဧက ၂၆ သိန်းအနက် ဧက ၂၅ သိန်းကျော် စိုက်ပျိုးပြီး ဖြစ်သဖြင့် ပုသိမ်၊ ဟင်္သာတ၊ မြောင်းမြနှင့် မအူပင်ခရိုင်တို့တွင် ဇူလိုင် ၂၈ ရက်၌ ရေတော်မိုးတော်ဧရိယာများ ထွန်တုံးပိတ်နိုင်ခဲ့ပြီး ကျန်ခရိုင်များ၌ မကြာမီ ထွန်တုံးပိတ် စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း၏ စတုတ္ထအကြိမ် နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဩဂုတ် ၃

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း၏ စတုတ္ထအကြိမ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဩဂုတ် ၉ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန (IBC) ၌ ကျင်းပမည်ဖြစ်ရာ အသင်းသားများနှင့် အသင်း မဝင်ရသေးသော လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအားလုံး မပျက်မကွက် တက်ရောက်ကြရန်၊ တက်ရောက်သူများသည် မြန်မာနိုင်ငံစာရင်းကောင်စီတွင် မှတ်ပုံတင်ထားသော လက်မှတ်ရပြည်သူ့စာရင်းကိုင်မှတ်ပုံတင်အမှတ်များ ယူဆောင်လာကြရန်နှင့် CPE နာရီအတွက် အထောက်အထားရရှိနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စတုဘုမ္မိက ဝါတွင်းတရားပွဲ

ရန်ကုန် ဩဂုတ် ၃

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ပြည်သာယာလမ်းရှိ စတုဘုမ္မိကမဂ္ဂင်ရိပ်သာ၌ပဓာနနာယကဘဒ္ဒန္တကုမာရ (သာသနဓဇ ဓမ္မာစရိယ ဝိနယဝိဒူ ကမ္မဋ္ဌာနာစရိယ)သည် ဝါတွင်းကာလ ဥပုသ်နေ့၌ နံနက် ၉ နာရီတွင် သီလပေးတရားနှင့် မွန်းလွဲ ၂နာရီခွဲတွင် တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(ကြေးမုံ)

ဒဂုံမြို့နယ် ပြန်/ဆက် စာကြည့်တိုက်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၃

ရန်ကုန်မြို့ ဒဂုံမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကိုဇူလိုင် ၂၈ရက်နံနက်ပိုင်းတွင်ဒဂုံမြို့နယ် အမှတ်(၁၀) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးမိုးကျော်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ယဉ်နုက "ငယ်စဉ်အခါ ပညာရှာ" ခေါင်းစဉ်ဖြင့် ဟောပြောသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများကစာအုပ်စာစောင်များနှင့် ဓာတ်ပုံ၊ နံရံကပ်စာစောင်များကို ဖတ်ရှုလေ့လာကြောင်း သိရှိရသည်။

(ပြန်/ဆက်)

ဆေးပဌာန်း လှူဒါန်းပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၃

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ သမိုင်းဝင်ဆံတော်ရှင် ကျိုက်သုတ် စေတီတော်မြတ်ကြီး၏ ပရိဝုဏ်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် (၁၂၃) ကြိမ်မြောက် ဆေးပဌာန်းလှူဒါန်းပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပရေးနှင့် လုပ်ငန်းဆပ်ကော်မတီများအား တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၃၁ ရက်တွင် အဆိုပါစေတီတော်မြတ်ကြီး၌ ကျင်းပရာ ဆေးပဌာန်း လှူဒါန်းပူဇော်ပွဲ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ၊ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးရွှေရင်က ယခုနှစ်ကျင်းပမည့် ဆေးပဌာန်း လှူဒါန်းပွဲသည် နှစ်ပေါင်းတစ်ရာကျော်မှ စတင်၍ ရိုးရာမပျက် နှစ်စဉ်ကျင်းပလျက်ရှိပြီး ယခုနှစ် ဩဂုတ် ၃၀ ရက် (ဝါခေါင်လကွယ်နေ့)တွင် ကျင်းပမည်ဖြစ်၍ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့ရှိ ဘုန်းတော်ကြီး ကျောင်းပေါင်း ၁၀၈ ကျောင်းနှင့် သီလရှင် ကျောင်းသုံးကျောင်းတို့မှ သံဃာတော်နှင့် သီလရှင်အပါး ၇၀၀၀ ကျော်တို့ ကြွရောက်တော်မူလာမည်ဖြစ်ကြောင်း ပြောကြားပြီး ဆရာတော် သံဃာတော်များအား ပင့်ဆောင်ကြိုဆိုရေး၊ ကျောင်းအသီးသီးသို့ ပင့်စာပေးပို့ရေး၊ လှူဒါန်းသည့် ဆေးဝါးများကို လက်ခံရယူ၍ စနစ်တကျ သိမ်းဆည်းထားရှိရေး၊ ဘုရားရင်ပြင် သန့်ရှင်းသပ်ရပ်စွာ ဆောင်ရွက်ထားရှိရေးနှင့်စပ်လျဉ်း၍ ကျင်းပရေး လုပ်ငန်းနှင့် ဆပ်ကော်မတီ အသီးသီးတို့ကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်။

အလှူရှင်များ၊ အသင်းအဖွဲ့များနှင့် ဆေးတိုက်ပိုင်ရှင်များအနေဖြင့် ဆေးပဌာန်းလှူဒါန်းပွဲအတွက် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် အနောက်ဘက်စောင်းတန်း အောက်ပစ္စယာရှိ မော်လမြိုင်မြို့နယ်အသင်း (ရန်ကုန်) ဖုန်း-၀၁-၂၅၆၁၅၇၊ ဒုတိယဥက္ကဋ္ဌ ဦးစိုးဝင်း ဖုန်း-၀၁-၇၂၈၂၃၇၊ ကျိုက်သုတ်စေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးရွှေရင် ဖုန်း- ၀၅၇-၂၅၅၃၁၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဇော် ဖုန်း-၀၅၇-၂၅၅၉၂ နှင့် အတွင်းရေးမှူး ဦးမျိုးခိုင် ဖုန်း -၀၅၇-၂၄၆၉၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ပင်ရွှေညောင်လမ်းရှိ အရိယာမဂ္ဂင်ကမ္မဋ္ဌာန်းကျောင်းတိုက်၏ (၃၅)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်ပွဲကို ဇူလိုင် ၁၇ ရက် (ဝါဆိုလပြည့်နေ့)တွင် ကျောင်းတိုက်သုံးထပ်ခန်းမ၌ ကျင်းပရာ ဆရာတော်ကြီး ဘဒ္ဒန္တနန္ဒိယအား ကျောင်းတိုက်အကျိုးဆောင်အဖွဲ့နှင့် အလှူရှင်မိသားစုများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်စဉ်။

(ကြေးမုံ)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၄) အမှတ် (၃၀)ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၃

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)၊အမှတ် (၃၀) တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ ဘဝကားမောင်းခြင်း (၂)"ရှေ့တည့်တည့်ကြည့်" အယ်ဒီတာ့ဒိုင်ယာရီနှင့်အတူ ဆရာကြီးမင်းသိခ်ကွယ်လွန်၊ မြန်မာ့မိုးလေဝသသတင်းထုတ်ပြန်ချက် ကမ္ဘာကသိစေမည်၊ ရန်ကုန်တိုင်းအတွင်း စည်ပင်နယ်နိမိတ် ပြင်ပရှိ လိုင်စင်မဲ့ဆိုင်ကယ်များ တရားဝင်မှတ်ပုံတင်ပေးပြီ၊ အဲပုဂံမှ လေယာဉ်ငှားပြီး MAI ခရီးစဉ်များပြန်စ၊ ပြည်ပမှပေးပို့သော ကယ်ဆယ်ရေးပစ္စည်းများ လေဆိပ်တွင် အခက်အခဲမရှိ လာရောက်ထုတ်ယူနိုင်၊ စည်းကမ်း ဖောက်ဖျက်သည့် ရထားစီးခရီးသည်များ လက်မှတ်ခ၏ သုံးဆ ဒဏ်ရိုက်ခံရ မည်၊ မိသားစုအခြေအနေကိုကြည့်ကာ သားဆက်ခြားခြင်း နည်းလမ်းများ သုံးစွဲလာ စသည့်ပြည်တွင်းရေးရာသတင်းများနှင့်အတူ "တစ်ပတ်ထဲမှာ ပြောစရာ (Quotes of the Week)"ကဏ္ဍ၊ လူကုန်ကူးမှု၏ စိန်ခေါ်မှုများ၊ သတ္တိနှင့်ရိုးသားဖြောင့်မတ်ခြင်း. . . စသော မျက်မှောက်ရေးရာ ရှုမြင်သုံးသပ် ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

အင်အားချည့်နဲ့ပြိုကွဲလာသော မဟာမိတ်ညွန့်ပေါင်း၊ 'ဥရောပသားတွေဟာ စိတ်လှည့်စားမှုနောက်ကိုလိုက်နေကြတာဖြစ်တယ်' ဒတ်ချ်စာရေးဆရာ လီယွန်ဒီဝင်းတားနှင့်တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာ အင်တာဗျူးဆောင်းပါးနှင့်အတူ သချ်ာဘာသာရပ်တွင် မိန်းကလေးနှင့် ယောကျ်ားလေး စွမ်းဆောင်ရည်ညီ၊ ဝင်ငွေအကောင်းဆုံး ကျော်ကြားသူများစာရင်းတွင် ဟယ်ရီပေါ်တာဆရာမထိပ်ဆုံးစသည့်နိုင်ငံတကာထူးထူးဆန်းဆန်းသတင်းများ၊ စီးပွားရေးသုံးသပ် ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၄-၈-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေး တေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀	၁၀။	အမျိုးသားရေး တေးကဗျာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	အမျိုးသားရေး တေးကဗျာ
၄း၂၀	၄။	ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄း၃၀	၅။	ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၄၅	၆။	မျိုးချစ်တပ်မတော်
၄း၅၀	၇။	ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၂၀	၈။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၅း၃၀	၉။	ဗွီစီဒီကျော်ကြား တေးများ
၅း၄၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	အမျိုးသားရေး တေးကဗျာ
၆း၂၅	၁၄။	သွက်လက်လှုပ်ရှား ကစားစို့လား
၆း၄၅	၁၅။	လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၆။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "ရာဇဝင်တွင်တဲ့ သူရဲကောင်း" အပိုင်း(၉၁)**
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြား သတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေး တေးကဗျာ
	၂၀။	လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ - အဘိဓမ္မာသဒ္ဒါ မြတ်ကျမ်းစာ(၄)
	၂၁။	မေးမြန်းစူးစမ်း
	၂၂။	သီဆိုဖြေဖျော် တစ်ကိုယ်တော်
	၂၃။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၄။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "ဖြူစင်ခြင်းရဲ့ နောက်ကွယ်" အပိုင်း(၁၀)**
	၂၅။	သင့်အတွက်မနက်ဖြန်
	၂၆။	အပိတ်နှုတ်ဆက်စကား
	၂၇။	ပြီးပါပြီ။

နို့ချိုတိုက်ကျွေး မေ့ရင်သွေး နွေးထွေးကျန်းမာ စိတ်ချမ်းသာ

မိကိုလက်ယာ၊ ရှိသေစွာလျှင်
ဘမှာလက်ဝဲ၊ ထမ်းပိုးမြဲဖြင့်
လွန်ကဲသဒ္ဓါ၊ တစ်သက်တာလျှင်
လွန်စွာမြတ်နိုး၊ လုပ်ကျွေးမျိုးဖြင့်
နို့ဖိုးကျေးဇူး၊ ဆပ်ခဲ့ဖူးလည်း
ရှိဖူးဆိုထုံး၊ ပြောစဉ်သုံးသည်
တစ်လုံးနို့ဖိုး၊ မကျေရိုးတည့်။ ။

ပန်းတောင်းသန်းကြွယ်

မြန်မာတို့သည် မိခင်နို့တိုက်ကျွေးခြင်းကို နှစ်သက်မြတ်နိုးသူများ ဖြစ်သည်။ မြင့်မိုရ်တောင်ဦး မကကျူးသည့် ကျေးဇူးရှင် မိခင်၊ ဖခင်များအား ရိုသေလေးစားစွာ တစ်သက်တာလုပ်ကျွေးသည့်တိုင် နို့တစ်လုံးဖိုး မကျေဟု လက်ခံယုံကြည်ထားကြသည်။ အများစုသော မိခင်များသည် မိမိတို့သား၊သမီးများကို နို့ချိုတိုက်ကျွေး၍ မွေးမြူခဲ့ကြသူများပင်ဖြစ်သည်။

မိခင်နို့တိုက်ကျွေးခြင်းသည် ကလေးငယ်များ၏ အသက်ရှင်သန်ရေး၊ ကျန်းမာဖွံ့ဖြိုးရေးတို့အတွက် အထူးအရေးပါသည်။ ခေတ်သိပ္ပံနှင့် နည်းပညာများ မည်မျှပင်တိုးတက်စေကာမူ မိခင်နို့ရည်နှင့် ဂုဏ်သတ္တိ ထပ်တူညီမျှသော အစားအစာများကို ယနေ့တိုင် မထုတ်လုပ်နိုင်သေးပေ။ မိခင်နို့ရည်တွင် မွေးစကလေးများအတွက် မရှိမဖြစ်လိုအပ်သော ပရိုတင်းဓာတ်၊ ကစီဓာတ်၊ ဗီတာမင်၊ ဓာတ်ဆားနှင့်ရေ စသည့်ဒြပ်ပစ္စည်းများ အချိုးအစားညီမျှစွာ ပါဝင်နေပေသည်။ မိခင်နို့ဦးရည်သည် ကလေးငယ်များအတွက် အထူးသင့်တော်သည့် အာဟာရစံနှုန်းနှင့် ရောဂါကာကွယ်ပေးသည့် ဂုဏ်သတ္တိများ ပြည့်ဝခြင်းကြောင့် ကလေးငယ်များကို မွေးပြီးပြီးချင်း ပထမတစ်နာရီအတွင်း စောနိုင်သမျှစော၍ မိခင်နို့တိုက်ကျွေးပေးရန် လိုအပ်လှသည်။

ပထမအကြိမ် မိခင်နို့တိုက်စဉ် ကလေးနှင့်မိခင်တို့၏ အသားများကို ထိကပ်ထားခြင်းဖြင့် နွေးထွေးသောမေတ္တာရောင်ပြန် ကူးလူးဆက်ဆံခြင်းကို ဖြစ်ပေါ်စေပြီး ကလေးမှမိခင်အပေါ် တွယ်တာစိတ်များ ပိုမိုဖြစ်ပေါ်စေသည်။ မိခင်နှင့်ကလေးတို့၏ တွယ်တာမှုသည် ကလေးငယ်၏ စိတ်ဓာတ်ရေးရာ လုံခြုံမှုကိုရရှိစေပြီး ကလေးငယ်၏ အနာဂတ်အတွက် ကိုယ်ရောစိတ်ပါ ရှင်သန်ဖွံ့ဖြိုးမှုကိုပါ အထောက်အကူဖြစ်စေသည်။

မိခင်နို့တိုက်ကျွေးခြင်းကြောင့် ကလေးငယ်၊ နို့တိုက်မိခင်၊ မိသားစုမှအစပြုကာ လူ့အဖွဲ့အစည်းနှင့် နိုင်ငံတော်အတွက်ပါ အကျိုးကျေးဇူးများ ရရှိစေသည်။ ကလေးငယ်များတွင် ဖြစ်တတ်သော ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အသက်ရှူလမ်းကြောင်း ပိုးဝင်မှုဆိုင်ရာရောဂါနှင့် အခြားရောဂါဖြစ်ပွားခြင်းများကို လျော့နည်းစေသည်။

မိခင်၏ကျန်းမာရေးကို အထောက်အကူပြုစေပြီး မိခင်နို့အစားထိုးနို့မှုန့်တိုက်ကျွေးခြင်းကြောင့် ကြုံတွေ့ရမည့် စရိတ်စက ကြီးမြင့်ခြင်း၊ သန့်ရှင်းအောင်ဂရုစိုက်ရခြင်း၊ ကရိကထများခြင်း၊ ကလေးအတွက် ကျန်းမာရေးအန္တရာယ် ပိုမိုကြီးမားစေခြင်း စသည်တို့ကိုပါ ရှောင်ရှားနိုင်သည်။

ဆေးပညာရှင်များ၏ သုတေသနပြုချက်အရ ကလေးအရွယ် **ဆိုးတေသွားသည့် ဆိုးသွမ်းလူငယ်အများစုသည် မိခင်နို့ တိုက်ကျွေးမှုကို မခံစားခဲ့ရသော ကလေးငယ်များဖြစ်ပြီး မိခင်နို့ တိုက်ကျွေးခံရသည့် ကလေးငယ်များသည် မိခင်အပေါ် ရင်းနှီးတွယ်တာမှု ပိုမိုခိုင်မြဲလာကာ ကြီးပြင်းသောအခါ မိခင်၏စကားကို အရေးထားလေးစားသူများ ဖြစ်လာကြသဖြင့် ဆိုးသွမ်းလူငယ်များဖြစ်ရန် အလားအလာ အလွန်နည်းပါးကြောင်း လေ့လာတွေ့ရှိရသည်။**

မိခင်နှင့် ကလေးငယ်တို့ တွယ်တာမှုကို ပိုမိုခိုင်မြဲစေရန်အတွက် မွေးကင်းစကလေးငယ်နှင့်ၡင်း၏မိခင်ကို မလိုအပ်ဘဲ ခွဲမထားသင့်ပေ။ မွေးဖွားပြီးသည်နှင့်တစ်ပြိုင်နက် ချက်ချင်းနီးစပ်စွာ အတူထားသင့်သည်။ တတ်နိုင်သမျှ အချိန်တိုင်းတွင် အတူတကွ ရှိနေသင့်သည်။ မိခင်အနေဖြင့် ကလေးကို ကိုယ်တိုင်ကြည့်ရှု ကိုင်တွယ်ပြုစု၍ ကျွေးမွေးစောင့်ရှောက်သင့်သည်။

မွေးပြီးမိခင်အနေဖြင့် မီးတွင်းကာလ ၄၂ ရက် အတောအတွင်းဝယ် မိခင်ရော ကလေးပါ ကျန်းမာရေးစောင့်ရှောက်မှု ခံယူရသည်။ ကျွမ်းကျင်သော ကျန်းမာရေးဝန်ထမ်း၏ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို အနည်းဆုံး ခြောက်ကြိမ် ဆက်လက်ခံယူသင့်သည်။ မွေးပြီးမိခင်သည် မွေးပြီးပြီးချင်း ရင်သွေးငယ်အား နို့ချိုတိုက်ကျွေးရမည်ဖြစ်၍ ကိုယ်ဝန်ဆောင်စဉ် ကာလကဲ့သို့ အာဟာရပြည့်ဝသော အစားအစာများကို စားသုံးရသည်။ အစားရှောင်ရန် မလိုဘဲ အစားရှောင်တာများပါက ဗီတာမင်ဘီဝမ်း ချို့တဲ့၍ ဖြစ်တတ်သော ဘယ်ရီဘယ်ရီခေါ် ထုံနာကျဉ်နာရောဂါ မိခင်ကိုစွဲကပ်ပြီး နို့စို့ကလေးငယ်မှာ သူငယ်နာ ဘယ်ရီဘယ်ရီရောဂါကြောင့် ရုတ်တရက် သေဆုံးသွားတတ်သည်။

မိခင်နို့တိုက်ကျွေးခြင်းကြောင့် များပြားလှစွာသော အကျိုးကျေးဇူးများ ရရှိနိုင်သော်လည်း မိခင်နို့တိုက်ကျွေးမှု အလေ့အထကောင်းကို လိုက်နာမှု နည်းပါးနေသေးသဖြင့် ကမ္ဘာတစ်ဝန်းတွင် ငါးနှစ်အောက် ကလေးငယ်များ သေဆုံးမှု မြင့်မားနေဆဲ ဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် မိခင်နို့တိုက်ကျွေးခြင်းခံရသည့် ကလေးငယ်များသည် မိခင်နို့တိုက်ကျွေးခြင်းမခံရသည့် ကလေးများထက် အသက်ရှင်သန်မှုတွင် သုံးဆခန့်ပိုမိုမြင့်မား ကြောင်း UNICEF အဖွဲ့ကြီးက ထုတ်ပြန်ထားသည်။ ကလေးငယ်များ အားလုံးကို မိခင်နို့တိုက်ကျွေးနိုင်လျှင် ကလေးငယ်များ သေဆုံးမှုနှုန်းကို နှစ်စဉ် ၁ ဒသမ ၅ သန်းအောက်သို့ မလွဲမသွေ လျှော့ချနိုင်မည်ဖြစ်ကြောင်း WHO အဖွဲ့ကြီးက ပြောကြားထားသည်။

၁၉၉၀ ပြည့်နှစ်က အီတလီနိုင်ငံဖလောရင့်စ်မြို့၌ ကျင်းပခဲ့သော ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) နှင့် ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) တို့မှ မူဝါဒချမှတ်သူများ၏ အစည်းအဝေးတွင် ကမ္ဘာတစ်ဝန်း မိခင်နို့တိုက်ကျွေးရေးနှင့်ပတ်သက်၍ ကာကွယ်စောင့်ရှောက်ရန်၊ မိခင်နို့ တိုက်ကျွေးရေးကို လက်ခံသဘောပေါက်လာစေရေး စည်းရုံးဆောင်ရွက်ရန်နှင့် အားပေးကူညီပံ့ပိုးပေးရန် ရည်ရွယ်ချက်များ ပါဝင်သည့် ပဋိညာဉ်စာတမ်းကို သဘောတူအတည်ပြုခဲ့သည်။

ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်
(၁-၈-၂၀၀၈ မှ ၇-၈-၂၀၀၈)ထိ
World Breastfeeding Week
(1-8-2008 to 7-8-2008)
Mother Support: Going for the Gold!
“မိခင်နို့ စနစ်တကျတိုက်ကျွေးဖို့ ဝိုင်းဝန်းကူညီပံ့ပိုးစို့”

ကျန်းမာရေးဝန်ကြီးဌာန

ထိုပဋိညာဉ်စာတမ်းအရ လက်တွေ့အကောင်အထည်ဖော်နိုင်ရန် ကမ္ဘာအနှံ့မှ ကျန်းမာရေးဆိုင်ရာ အဖွဲ့အစည်းများပူးပေါင်း၍ (World Alliance for Breastfeeding Action)အဖွဲ့ (WABA) ကို ဖွဲ့စည်းခဲ့သည်။ ယင်းအဖွဲ့ကြီး၏အကြံပြုချက်အရ နှစ်စဉ် ဩဂုတ်လ ၁ရက်မှ ၇ ရက်နေ့အထိကို ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ် (World Breastfeeding Week) အဖြစ်သတ်မှတ်ခဲ့သည်။

၁၉၉၇ ခုနှစ်တွင် မွေးပြီးပြီးချင်းမှစ၍ ကလေးအသက် ခြောက်လအရွယ်အထိ မိခင်နို့တစ်မျိုးတည်းကိုသာ တိုက်ကျွေးစေပြီး ခြောက်လပြည့်ပြီးနောက်ပိုင်း မိခင်နို့ကို ဆက်လက်တိုက်ကျွေးရင်း တစ်ဖက်မှ သင့်လျော်၍ အာဟာရပြည့်ဝသော ဖြည့်စွက်အစာများကို ကလေးအသက် နှစ်နှစ် သို့မဟုတ် နှစ်နှစ်ကျော်သည်အထိ မိခင်နို့ဆက်လက်တိုက်ကျွေးခြင်းကို နို့စို့ကလေးများအစာကျွေးရန်အတွက် အကောင်းဆုံးရွှေစံချိန်အစာကျွေးမှု (Gold Standard of Infant Feeding) အဖြစ် WABA အဖွဲ့ကြီးက ထုတ်ပြန်ခဲ့သည်။ ၁၉၉၂ ခုနှစ်မှစ၍ ယင်းအဖွဲ့က နှစ်စဉ် ကမ္ဘာ့မိခင်နို့ တိုက်ကျွေးရေး ရက်သတ္တပတ် အစီအစဉ်အတွက် အခြေခံရမည့်ဆောင်ပုဒ်ကိုရွေးချယ်သတ်မှတ်ပေးခဲ့ရာ ယခုနှစ်အတွက် Mother Support: Going for the Gold! **“မိခင်နို့ စနစ်တကျ တိုက်ကျွေးဖို့၊ ဝိုင်းဝန်းကူညီပံ့ပိုးစို့”** ဟူ၍သတ်မှတ်ပေးထားပါသည်။

မြန်မာနိုင်ငံအနေဖြင့် အခြားနိုင်ငံများနည်းတူ ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်အတွင်း အနယ်နယ်အရပ်ရပ်၌ ပုံစံအမျိုးမျိုးဖြင့် လှုပ်ရှားမှုများကို နှစ်စဉ်ဆောင်ရွက်ခဲ့သည်။ မိခင်နို့စနစ်တကျ တိုက်ကျွေးရေးကို အမျိုးသားရေး မူဝါဒတစ်ရပ်အဖြစ် သတ်မှတ်၍ ၁၉၉၃ ခုနှစ် ဇန်နဝါရီလမှစတင်၍ သီးခြားစီမံချက်ရေးဆွဲကာ နိုင်ငံတစ်ဝန်း၌ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာနမှ မိခင်နို့တိုက်ကျွေးရေးဆိုင်ရာ မူဝါဒ (၁၄) ချက် ချမှတ်ခဲ့ပြီး မိခင်နို့အောင်မြင်စွာ တိုက်ကျွေးရေးအဆင့် ၁၀ ဆင့်ကိုလည်းသတ်မှတ်ပေးခဲ့သည်။ ကျွမ်းကျင်စွာ လိုက်နာဆောင်ရွက်နိုင်ရေးအတွက်လည်း ကျန်းမာရေး ပြုစုစောင့်ရှောက်သူများ အားလုံးကို သင်တန်းများပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား အသိပေးလမ်းညွှန်ခြင်း၊ လေ့ကျင့်ပညာပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။ မိခင်များ သာမက ပြည်သူအများပါ သိသင့်သိထိုက်သော သတင်းအချက်အလက် ဗဟုသုတများကိုလည်း သတင်းစာ၊ ရေဒီယို၊ ရုပ်မြင် သံကြား စသည့် ဆက်သွယ်ရေးကိရိယာများ အသုံးပြု၍ နည်းမျိုးစုံဖြင့် ကျန်းမာရေးပညာများ ဖြန့်ဖြူးပေးလျက်ရှိသည်။ နို့တိုက်မိခင်များအနေဖြင့် အမှန်တကယ် လိုက်နာကျင့်ကြံစေနိုင်ရန် ကူညီပံ့ပိုးမှုများကိုလည်း ကြိုးပမ်းဖြည့်ဆည်းပေးလျက်ရှိသည်။ မိခင်နို့တိုက်ကျွေးရေး အထောက်အကူ ပြုအဖွဲ့များ ထူထောင်ဖွဲ့စည်းရေးအတွက်ကိုလည်း အားပေးဆောင်ရွက်လျက်ရှိသည်။

ကလေးငယ်များ၏ ကျန်းမာရေး ကောင်းမွန်ခြင်းသည် လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အလွန်အရေးပါလှသည်။ ကလေးသူငယ် ကျန်းမာရေးအတွက် တစ်ဆသုံးစွဲမှုသည် လူငယ်၊ လူရွယ်များနှင့် လူကြီးများ၏ ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေးနှင့် သက်သာချောင်ချိရေးတို့အတွက် အသုံးစရိတ်ကို ခုနစ်ဆမျှ လျော့ကျစေသည်။ ကလေးတစ်ဦး ဖျားနာခြင်း၊ သေဆုံးခြင်းဖြစ်လျှင် ကလေး၏ မိသားစုသာမက အသိုင်းအဝိုင်းကပါ ခံစားရသည်။ မကြာခဏ နာမကျန်းဖြစ်မှုနှင့် အာဟာရချို့တဲ့မှုတို့သည် ကလေးများ၏ ကာယ၊ ဉာဏဖွံ့ဖြိုးမှုကို ထိခိုက်စေနိုင်သည်။

မိခင်နို့ စနစ်တကျ တိုက်ကျွေးရန် မိခင်များအနေဖြင့် ပံ့ပိုးမှုများ လိုအပ်ပေသည်။ အနီးကပ် နေထိုင်စောင့်ရှောက်နိုင်သူ အိမ်ထောင်သည် ဖခင်နှင့် မိသားစုဝင် ဆွေမျိုးအသိုင်းအဝိုင်း၊ အလုပ်ဌာနများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျန်းမာရေးဌာန၊ ဆေးရုံ၊ ဆေးခန်း၊ သားဖွားခန်းများ၊ ဆိုင်ရာအတတ်ပညာရှင်၊ အသိပညာရှင်များနှင့် နိုင်ငံတော်အစိုးရတို့ ပူးပေါင်းကူညီပံ့ပိုးပေးခြင်းဖြင့် အနာဂတ်ရတနာများဖြစ်သော ရင်သွေးငယ်များ၏ ကျန်းမာရေးကို ရာခိုင်နှုန်းပြည့် ကာကွယ်စောင့်ရှောက်ပြုစုပျိုးထောင်နိုင်မည် ဖြစ်ပေသည်။ ။

ဆေးပညာရှင်များ၏ သုတေသနပြုချက်အရ ကလေးအရွယ် ဆိုးတေသွားသည့် ဆိုးသွမ်းလူငယ်အများစုသည် မိခင်နို့တိုက်ကျွေးမှုကို မခံစားခဲ့ရသော ကလေးငယ်များဖြစ်ပြီး မိခင်နို့ တိုက်ကျွေးခံရသည့် ကလေးငယ်များသည် မိခင်အပေါ် ရင်းနှီးတွယ်တာမှု ပိုမိုခိုင်မြဲလာကာ ကြီးပြင်းသောအခါ မိခင်၏စကားကို အရေးထားလေးစားသူများ ဖြစ်လာကြသဖြင့် ဆိုးသွမ်းလူငယ်များဖြစ်ရန် အလားအလာ အလွန်နည်းပါးကြောင်း လေ့လာတွေ့ရှိ။

တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး ဝါစိုက်ခင်းကိုကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၃

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးသည် ဇူလိုင် ၂၈ ရက်တွင် စစ်ကိုင်းမြို့နယ် အုန်းတောကျေးရွာအုပ်စုသို့ သွားရောက်၍ ကွင်းအမှတ်(၆၂၈/၆၄) ၌ တောင်သူ ဦးစိုးဝင်း စိုက်ပျိုးထားသည့် ငွေချည်ခြောက် ချည်မျှင်ရှည်ဝါ နှစ်ဧက အောင်မြင်စွာ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး**(အပေါ်ပုံ)**တာဝန်ရှိသူများက ၂၀၀၈-၂၀၀၉ ခုနှစ် ဝါမျိုးစုံစိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

ထို့နောက် တိုင်းမှူးသည် ဝါစိုက်တောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားပြီး တောင်သူများ၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက်ဝင်းရှိ မှန်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ပညာဇောတ(အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ)အရှင်သူမြတ်ထံ မိခင်ကြီး ဒေါ်ရီရီ(အမှတ်-၆၊ အထပြ- မြောင်းမြ) တစ်နှစ်ပြည့် ရည်စူး၍ ရန်ကုန်တိုင်း တာမွေမြို့နယ် သတိပဋ္ဌာန်လမ်း ကျောက်မြောင်းနေ ဖခင် ဦးဇော်ထွန်း (မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်-ဒိုင်လူကြီး)၊ မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ်၊ မြောင်းမြမြို့နယ်အသင်း(အမှုဆောင်) ကုန်သွယ်/လယ်ယာ(ငြိမ်း) လူမှုထူးချွန်(တတိယဆင့်)နှင့် သား၊ သမီး၊ မြေးများ မိသားစုက ဆေးပဒေသာပင် အလှူငွေကျပ် နှစ်သိန်းကို ဆက်ကပ်လှူဒါန်းစဉ်။

(ကြေးမုံ)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ၂၀၀၈ ခုနှစ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၃

နေပြည်တော်ဘူတာ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေးအတွက် ၂၀၀၈ ခုနှစ် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့ နံနက် ၈ နာရီတွင် ကျင်းပရာ ရှေးဦးစွာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က သစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် တည်ပင်ကို စိုက်ပျိုးပေးသည်။ ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်များကို စိုက်ပျိုးပေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မြန်မာ့မီးရထား(ရုံးချုပ်)နေပြည်တော် ယာဒ်ဝင်းအတွင်း၌ ဝန်ထမ်းများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကိုလိုက်လံကြည့်ရှုအားပေးပြီး ရာသီသီးနှံပင်များနှင့် စားပင်၊ သီးပင်များ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကာ စိုက်ပျိုးပင်များ ရှင်သန်ရေးအတွက် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ယမန်နေ့က ကျင်းပသည့် ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ထမ်းများ၏ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ကုက္ကို၊ ပိတောက်၊ မန်ကျည်း၊ တမာ၊ တည်၊ ကျွန်းနှင့် ပျိုးပင်ပေါင်း ၁၈၉၀ ကို စိုက်ပျိုးခဲ့ပြီး ယခင်ပျိုးပင် ၁၅၂၀ ကို လည်း နေပြည်တော်ဘူတာကြီး၏ မျက်နှာစာရုံးဝင်း လမ်းဘေး၌ စိုက်ပျိုးခဲ့ရာ စုစုပေါင်း အပင် ၃၄၀၀ စိုက်ပျိုးပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်စောလွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးတက်ရောက်၍ လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြား

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၃

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်က အမှာစကား ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်က လုပ်ငန်းစီမံချက်များအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးတင်ပြသည်။

ရှင်းလင်း

ယင်းနောက် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းက နိုင်ငံသားစိစစ်ရေးကတ်ပြား စိစစ်ထုတ်ပေးရေးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မြင့်က လူဦးရေနှင့် အိမ်ထောင်စုစာရင်းများ ကွင်းဆင်း စစ်တမ်းကောက်ယူရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ဖြည့်စွက်

ဆက်လက်၍ ပြည်နယ်နှင့် တိုင်းဦးစီးဌာနမှူးများ၊ အထူးခရိုင်ဦးစီးဌာနမှူးများက ပြည်နယ်၊ တိုင်းနှင့် အထူးခရိုင်များအလိုက် ဝန်ကြီးဌာန၏ စီမံကိန်းရည်မှန်းချက်များ အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြပြီး တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်စောလွင်က ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး စီမံကိန်း ရည်မှန်းချက်များ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးအတွက် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန် လိုကြောင်းဖြင့် နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လု

ရန်ကုန် ဩဂုတ် ၃

လူငယ် အားကစားသမားကောင်းများပေါ်ထွန်းရေးကို ရည်ရွယ်ကျင်းပသောသံဖြူဇရပ်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဇူလိုင် ၃၀ ရက် ညနေပိုင်းတွင် မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့ ဇုန်နယ်မြေ (၁) ရှိ အားကစားပြိုင်ဝင်း၌ ကျင်းပရာ ဗိုလ်လုပွဲတွင် ကျိုက္ခမီမြို့ အောင်သုခရပ်ကွက်အသင်းနှင့် အောင်ပင်လယ်ရပ်ကွက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အောင်သုခရပ်ကွက်အသင်းက တစ်ဂိုး-ဂိုးမရှိ အနိုင်ရရှိသွားသည်။

ဆုချီးမြှင့်

ယင်းနောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ တတိယနှင့်စတုတ္ထဆုရအသင်းတို့အားငွေသားဆုကို ကျင်းပရေးကော်မတီဝင် ဦးမောင်မောင်ကလည်းကောင်း၊ ပထမနှင့် ဒုတိယဆုရ အသင်းတို့အား ငွေသားဆုကို မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်သန်းကလည်းကောင်း ဆုများ ချီးမြှင့်ပြီး တံခွန်စိုက်ဒိုင်းဆုရရှိသည့် အောင်သုခရပ်ကွက် ဘောလုံးအသင်းအား မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်ဦးက ဒိုင်းဆုပေးအပ်ချီးမြှင့်သည်။

(ယာပုံ)

ပါဝင်ယှဉ်ပြိုင်

အဆိုပါ ပြိုင်ပွဲတွင် ကျိုက္ခမီမြို့ ဇုန်နယ်မြေ(၁)မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်အသင်း ၁၂ သင်း ပါဝင်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အခြေခံစာကြည့်တိုက်ပညာ သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၃

ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ အခြေခံ စာကြည့်တိုက်ပညာ သင်တန်းဖွင့်ပွဲကို ဩဂုတ် ၁ ရက် နံနက် ၉ နာရီတွင် ဂန့်ဂေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဂန့်ဂေါခရိုင် စာကြည့်တိုက် ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးအင်းကြူက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်အေးက သင်တန်းဖွင့်လှစ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြို့နယ်စာကြည့်တိုက် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ခိုင်က စာကြည့်တိုက်၊ ပြတိုက်နှင့် ပြပွဲများ ကြီးကြပ်မှုကော်မတီ၏ စာကြည့်တိုက် မှတ်ပုံတင်ကတ်ပြားရရှိသည့် ကျေးရွာ ၁၀ ရွာမှ စာကြည့်တိုက်မှူးများထံ မှတ်ပုံတင်ကတ်ပြားများကို ပေးအပ်သည်။

သင်တန်းသို့ ကျေးရွာစာကြည့်တိုက်မှူး၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ စာရေးဝန်ထမ်း ၆၈ ဦးတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မွန်းအိုင်း သံဃာဆေးကုသဆောင်ဖွင့်ပွဲနှင့် ကွမ်းမိုးဒိန်းစံပြကျေးရွာ လျှပ်စစ်မီးဖွင့်ပွဲ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်အားပေး

ရန်ကုန် ဩဂုတ် ၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့၌ ကျင်းပသည့် မွန်းအိုင်းသံဃာဆေးကုသဆောင်ဖွင့်ပွဲနှင့် ခရမ်းမြို့နယ် ကွမ်းမိုးဒိန်း စံပြကျေးရွာ၌ကျင်းပသည့် ကွမ်းမိုးဒိန်း စံပြကျေးရွာ လျှပ်စစ်မီးဖွင့်ပွဲ အခမ်းအနားတို့သို့ တက်ရောက် အားပေးချီးမြှင့်ပြီး ကွမ်းမိုးဒိန်း စံပြကျေးရွာ သာသနဗေဒတိက ကွမ်းမိုးဒိန်းမစိုးရိမ်တိုက်သစ်၌ ကျင်းပသည့် မွန်းအိုင်းသံဃာဆေးကုသဆောင်လှူဒါန်းပွဲနှင့် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။

ဖွင့်လှစ်ပေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ခရမ်းမြို့နယ် ကွမ်းမိုးဒိန်းစံပြကျေးရွာ လျှပ်စစ်မီးဖွင့်ပွဲ အခမ်းအနား ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ မွန်းအိုင်း သံဃာဆေးကုသဆောင် ဖွင့်ပွဲအခမ်းအနားကို နံနက် ၈ နာရီတွင် ခရမ်းမြို့ မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ကျင်းပရာ အခမ်းအနားသို့ ခရမ်းမြို့နယ် တာဝန်ခံ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင် မိသားစုများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အခမ်းအနားတွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း၊ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်နှင့် အလှူရှင် ဦးမျိုးမျိုးတို့က မွန်းအိုင်း သံဃာ ဆေးကုသဆောင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း၊ ကျန်းမာရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ချုပ် ဒေါက်တာဝင်းမြင့်နှင့် အလှူ ရှင် ဦးမျိုးမျိုးတို့က ရန်ကုန် တောင်ပိုင်းခရိုင် ခရမ်းမြို့ မြို့နယ် ပြည်သူ့ဆေးရုံဝင်း အတွင်းရှိ မွန်းအိုင်း သံဃာဆေးကုသ ဆောင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ် ပေးကြစဉ်။ (သတင်းစဉ်)

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် သံဃာ ဆေးကုသဆောင် အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် မွန်းအိုင်း သံဃာဆေးကုသဆောင် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ခရမ်းမြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ မွန်မြတ်မေတ္တာခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ခရမ်းမြို့နယ် တာဝန်ခံ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းက ဂုဏ်ပြုအမှာစကားပြောကြားရာ၌ ခရမ်းမြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရပ်ဝေးတွင် ရောက်ရှိနေကြသော ခရမ်းမြို့သူ၊ မြို့သားများက ဝိုင်းဝန်းပံ့ပိုး ကူညီလှူဒါန်းလျက်ရှိကြောင်း၊ ယခင်က ဆေးရုံတွင် သံဃာဆေးကုသဆောင် သီးခြားမရှိသဖြင့် သံဃာများ တက်ရောက် ဆေးကုသရာတွင် အခက်အခဲများ တွေ့ကြုံရကြောင်း၊ ယခုကဲ့သို့ သံဃာ ဆေးကုသဆောင် ဆောက်လုပ် လှူဒါန်းခြင်းအတွက် အလှူရှင် မိသားစုအား ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် သံဃာ ဆေးကုသဆောင် အလှူရှင် ဦးမျိုးမျိုးက လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် သံဃာ ဆေးကုသဆောင်ဆိုင်ရာ မှတ်တမ်းများကို အလှူရှင် ဦးမျိုးမျိုး မိသားစုက ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်ထံ လွှဲပြောင်းပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ မွန်းအိုင်း သံဃာ ဆေးကုသဆောင်ကိုမန္တလေးမြို့ ရတနာပုံဈေး မွန်းအိုင်း အထည်ဆိုင်ပိုင်ရှင် ဦးမျိုးမျိုး-ဒေါ်မြင့်မြင့်အေး မိသားစုက ငွေကျပ် သိန်း ၁၈၀ ကုန်ကျခံကာ ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ပြီး ဆေးကုသဆောင်မှာ အာစီ ကွန်ကရစ်၊ သွပ်မိုး၊ ပျဉ်ခင်း၊ တစ်ထပ် အဆောက်အအုံဖြစ်၍ အလျား ၃၃ ပေ၊ အနံ ၂၄ ပေနှင့် အမြင့် ၁၅ ပေရှိကာ သံဃာတော် ခြောက်ပါး တက်ရောက် ဆေးဝါးကုသမှုခံယူနိုင်ကြောင်း သိရှိရသည်။

ယင်းနောက် ခရမ်းမြို့နယ် ကွမ်းမိုးဒိန်းစံပြကျေးရွာ လျှပ်စစ်မီးဖွင့်ပွဲ အခမ်းအနားကို နံနက် ၉နာရီတွင် အဆိုပါကျေးရွာ သာသနဗေဒတိက ကွမ်းမိုးဒိန်း မစိုးရိမ်တိုက်သစ်ရှေ့၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေက ကွမ်းမိုးဒိန်း စံပြကျေးရွာ လျှပ်စစ်မီး ဖွင့်ပွဲ အခမ်းအနား ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ရန်ကုန်မြို့တော် လျှပ်စစ် ဓာတ်အားပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်စိုးက လျှပ်စစ်မီး ခလုတ်ကို ဖွင့်လှစ်ပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကွမ်းမိုးဒိန်း စံပြကျေးရွာ လျှပ်စစ်မီးရရှိရေးအတွက် အမှတ် (၂) လျှပ်စစ် စွမ်းအားဝန်ကြီးဌာနက (၁၁)ကေဗွီ ဓာတ်အားလိုင်းကြိုးပေ (၆၀၀၀) နှင့် (၁၆၀) ကေဗွီအေ ထရန်စဖော်မာတစ်လုံးတို့ကို ပံ့ပိုးဖြည့်ဆည်းပေးခဲ့ပြီး ကျေးရွာပြည်သူများက ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် (၄၀၀)ဗို့ ဓာတ်ကြိုးပေ ၁၀၀၀၀ ကို ကုန်ကျခံ၍ သွယ်တန်းခဲ့ရာ ယခုအခါ လမ်းမီးများနှင့် ကျေးရွာရှိ အိမ်ခြေ ၁၀၀ ခန့် လျှပ်စစ်မီးရရှိနေပြီဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် မွန်းအိုင်း သံဃာ ဆေးကုသဆောင် လှူဒါန်းပွဲနှင့် စုပေါင်း ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းပွဲ ရေစက်ချ အလှူတော် မင်္ဂလာ အခမ်းအနားကို နံနက် ၉ နာရီတွင် ကွမ်းမိုးဒိန်း စံပြကျေးရွာရှိ သာသနဗေဒတိက ကွမ်းမိုးဒိန်း မစိုးရိမ်တိုက်သစ်ရှိ ဓမ္မဘာဏက ကျောင်းတော်၌ ကျင်းပရာ ရှေးဦးစွာ ကွမ်းမိုးဒိန်း မစိုးရိမ်တိုက်သစ် ပဓာန နာယက ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေသရာဘိဝံသထံမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ယင်းနောက် ဒုတိယ ဗိုလ်ချုပ်ကြီး မြင့်ဆွေက ကွမ်းမိုးဒိန်း ပဓာန နာယက ဆရာတော်ထံ ဝါဆို သင်္ကန်း ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း၊ အလှူရှင်မိသားစုနှင့် တာဝန်ရှိသူများက သံဃာတော် အရှင်သူမြတ်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် မွန်းအိုင်း သံဃာ ဆေးကုသဆောင် ဆောက်လုပ် လှူဒါန်းနိုင်ရေးအတွက် ပံ့ပိုးကူညီပေးခဲ့သော ကွမ်းမိုးဒိန်း ဆရာတော် ဘဒ္ဒန္တကေသရာဘိဝံသထံ ပြည်သူ့ဆေးရုံ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှသောင်းက ဂုဏ်ပြုမှတ်တမ်းလွှာကို ဆက်ကပ်သည်။

ထို့နောက်ကွမ်းမိုးဒိန်းဆရာတော်ထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များ၊ ပရိသတ်များက ရေစက်ချ အနုမောဒနာ တရားနာယူကြပြီးလှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များ၊ အလှူရှင်မိသားစုတို့က ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄-၈-၂၀၀၈ (တနင်္လာနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"တောဒေယျဝတ္ထု "တရားတော် (ဆရာတော် အရှင်ဝိနယာလင်္ကာရ)
၈း၀၅ - ၂း၀၅	Activities In The City
၈း၃၅ - ၂း၃၅	Fragrant Rice (အပိုင်း-၂)
၉း၀၀ - ၃း၀၀	Beijing Olympic 2008
၉း၂၀ - ၃း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၃၅ - ၃း၃၅	ညနေရိပ်တွင်လှပသစ်လွင်ခဲ့သော
၉း၅၀ - ၃း၅၀	တေးဂီတအစီအစဉ်
၉း၅၅ - ၃း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၀ - ၄း၀၀	ရှေ့သို့ရည်မှန်းမြန်မာ့စက်မှုလုပ်ငန်း (ခေတ်မီအစားထိုး Steel ပစ္စည်းအမျိုးမျိုး)
၁၀း၃၀ - ၄း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅ - ၄း၃၅	မိုးလေဝသခန့်မှန်းချက်
၁၀း၄၀ - ၄း၄၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (အမေ့ချစ်သူ ကျွန်တော့်ပထွေး ဗီဒီယိုဇာတ်ကားရိုက်ကွင်း အမှတ်တရ)
၁၁း၀၅ - ၅း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၅ - ၅း၁၅	တေးဂီတအစီအစဉ်
၁၁း၂၀ - ၅း၂၀	ရွေးချယ်အစုံစုံရင်သွေးရိပ်မြုံ (SUMMIT International Learning Centre)
၁၁း၃၅ - ၅း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၀ - ၅း၄၀	တေးဂီတအစီအစဉ်
၁၁း၄၅ - ၅း၄၅	MRTV-4 ကျန်းမာရေးကဏ္ဍ "ဆီးကျောက်တည်ခြင်းအကြောင်းအရင်း" (အပိုင်း-၁) (ပါမောက္ခဒေါက်တာဦးတိုးလွင်နှင့်တွေ့ဆုံခြင်း)
၁၂း၁၅ - ၆း၁၅	တေးဂီတအစီအစဉ်
၁၂း၂၀ - ၆း၂၀	"တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ" (နွားမွေးမြူရေး)
၁၂း၃၅ - ၆း၃၅	VJ Choice
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ခုနစ်တိုက်နှင့် သီလရှင်စာသင်တိုက် တစ်တိုက်တို့သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

❀ ရွှေဖုံးမှ

ထို့နောက် ဆွမ်းပဒေသာပင်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုက ငွေကျပ် ၁၂၀၀၀၀၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး - ဇနီး ဒေါ်ခင်သန်းနွဲ့မိသားစုက ငွေကျပ် ၃၀၀၀၀၀၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၁၂၀၀၀၀၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၂၀၀၀၀၀၊ မြောက်ဥက္ကလာပမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် စေတနာရှင် အလှူရှင်များက ငွေကျပ် ၁၇၆၀၀၀၀၊ မြောက်ဥက္ကလာပစက်မှုဇုန်က ငွေကျပ် ၇၀၀၀၀၀၊ ရွှေပေါက်ကံစက်မှုဇုန်က ငွေကျပ် ၅၀၀၀၀၀၊ မြောက်ဥက္ကလာပမြို့နယ် ဌာနဆိုင်ရာများက ငွေကျပ် ၆၁၇၅၀၀၊ ဆရာတော်ဦးကျင်ဖွေ့ ဦးဆောင်သည့် တိုင်ကွမ်ခရီးသွားကုမ္ပဏီ ဘုရားဖူးအဖွဲ့က ငွေကျပ် ၅၀၀၀၀၀၀၊ အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီက ငွေကျပ် ၅၀၀၀၀၀၊ အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ ဦးအောင်ကြည်မြင့်-ဒေါ်စန်းကြည်(ခ) ဒေါ်မြစန်းကြည် (သီရိရတနာမဥ္ဇူသာကုမ္ပဏီ)တို့က ငွေကျပ် ၃၂၀၀၀၀၊ ဦးမင်းဇော်-ဒေါ်မြင့်မြင့်ခိုင် (ရွှေကမ္ဘာ မိသားစု)တို့က ငွေကျပ် ၃၁၀၀၀၀၊ (ဦးသိန်းမောင်)-ဒေါ်ပါးပါး (စန္ဒိပရဆေး)တို့က ငွေကျပ် ၃၀၇၀၀၀၊ ဦးဖေလှိုင် (SSI ဆေးဝါးထုတ်လုပ်ရေး)၊ ဦးခင်မောင်ဝင်း (စူပါမီဂါ)နှင့် အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ သမားတော် ဦးဘိုကြီး-သီရိသုဓမ္မသိင်္ဂီ ဒေါ်သန်းသန်း (ရွှေပဒေသာ ပြည်လုံးချမ်းသာ ဆေးတိုက်)တို့က ငွေကျပ် ၃၀၀၀၀၀ စီ၊ ဦးထွန်းမြင့်-ဒေါ်စန်းစန်းဦး (ဘုတ်ဆုံမ ငရုတ်သီးမှုန့်)တို့က ငွေကျပ် ၂၁၀၀၀၀၊ ဦးသန်းမောင်-ဒေါ်ငွေကြည် (ချမ်းမြေ့စတိုး)တို့က ငွေကျပ် ၂၁၆၀၀၀၊ သီဟသုဓမ္မ မဏိဇောတဓရ ဦးတင်အောင်-သီရိသုဓမ္မသိင်္ဂီ ဒေါ်လှလှနွယ် (ဝင်းရတနာ ခရီးသွားလုပ်ငန်း)၊ မြောက်ဥက္ကလာပမြို့နယ် ဥပဌာကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးလှကြည်-ဒေါ်အေးအေးသွယ်မိသားစု၊ အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ ဦးသန်းနိုင်-အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ကြည်ကြည်ဆွေ (သမ္မတ နိဗ္ဗာန်ကုန်နှင့် သက်န်းတိုက်)နှင့် အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ ဒေါ်အေးမြတ်နွယ် (ပုဂံဟိုတယ်)တို့က ငွေကျပ် ၂၀၀၀၀၀ စီ၊ ဦးမျိုးအောင်-ဒေါ်ခင်ရည်မွန် (ဆန်းမြန်မာကုမ္ပဏီ)တို့က ငွေကျပ် ၁၅၀၀၀၀၊ သီရိသုဓမ္မသိင်္ဂီ ဒေါ်မြသိန်း၊ သား ဦးရန်ရှင်း (United Winners International Co., Ltd) မိသားစုတို့က ငွေကျပ် ၁၂၀၀၀၀၊ လမ်းမတော် ဒေါ်လှလှက ငွေကျပ် ၁၁၁၀၀၀၊ ဦးမျိုးအောင်- ဒေါ်ရှုလွမ် (အောင်စတိုး) မိသားစု၊ ရွှေပေါက်ကံမြို့သစ်နေ ဦးမြင့်ဆွေ-ဒေါ်နီလာမွန်မိသားစု၊ ဦးချိုအေး (ACA ပညာ့ရိပ်ငြိမ်)၊ ဒုတိယဝန်ကြီး(အငြိမ်းစား) ဦးသိုက်ထွန်း-သီရိသုဓမ္မသိင်္ဂီ ဒေါ်နွဲ့နွဲ့ကြည် မိသားစု (ရတနာကျွန်းရိပ်သာ)၊ မြောက်ဥက္ကလာပမြို့နယ်နေ ဦးနိုင်ညွန့်၊ ဦးထွန်းရွှေ-ဒေါ်သင်းသင်းဆွေ (ထွန်းရွှေဝါဆေးတိုက်)နှင့် သီရိသုဓမ္မ မဏိဇောတဓရ ကေသီပန် ဦးလှမြင့်တို့က ငွေကျပ် ၁၀၀၀၀၀ စီ၊ ဦးစန်းကြွယ် (ပြည့်ဝ တည်းခိုရိပ်သာ)က ငွေကျပ်၅၀၀၀၀ အပါအဝင် စေတနာရှင် အလှူရှင်များက ဆွမ်းပဒေသာပင် အလှူငွေစုစုပေါင်း ငွေကျပ် ၁၄၀၁၁၅၀၀ ကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တပ်မတော်အရာရှိကြီးများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ကြသည်။

ယင်းနောက် ဧရာဝတီရေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး မြင့်ဆွေက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် ဓမ္မမေဒိနီ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တဇာနေယျထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်တို့က အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၁၈ တိုက်နှင့် သီလရှင် စာသင်တိုက် သုံးတိုက်တို့သို့ ယနေ့ လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၁၄၃ အိတ် ကိုးပြည်၊ ဆီ ၉၀ ပိဿာ ၇၀ ကျပ်သား၊ အိုင်အိုဒင်းဆား ၉၀၇ ပိဿာ၊ ပဲ ၁၈၁ ပိဿာ ၄၀ ကျပ်သား၊ သွားတိုက်ဆားဘူး ၁၈၂ ဘူး၊ တိုင်းရင်းဆေးမျိုးစုံ ၇၅၁၆ ဘူး၊ ငရုတ်သီးမှုန့်ထုပ် ၁၀၀၀ နှင့် ဆွမ်းပဒေသာပင် အလှူငွေ ကျပ် ၁၄၀၁၁၅၀၀ တို့ဖြစ်သည်။

အလားတူ ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ခုနစ်တိုက်နှင့် သီလရှင်စာသင်တိုက် တစ်တိုက်တို့သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ ညနေ ၄ နာရီတွင် ရွှေပြည်သာမြို့နယ် (၆/၁၀) ရပ်ကွက် သံလွင်လမ်းရှိ ရွှေပြည်သာ ပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက် ခုနစ်တိုက်တို့မှပဓာနနာယက ဆရာတော်ကြီးများ၊ သီလရှင် စာသင်တိုက်တစ်တိုက်မှ သီလရှင် ဆရာကြီးများ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘာသာရေး၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် စေတနာရှင် အလှူရှင်များ တက်ရောက်ကြည် ညိုကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ဝင် ရွှေမြို့ဝင်ဇီးကုန်းကျောင်း ဆရာတော် ဘဒ္ဒန္တကုသလထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက ရွှေမြို့ဝင်ဇီးကုန်းကျောင်း ဆရာတော်အား သင်္ကန်းအစုံရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူး၊ တပ်မတော် အရာရှိကြီးများနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစု များက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့် ပဲတို့ကို တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများကိုယ်စား တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိကြီး သုံးဦးတို့က ဆရာတော်နှင့် သီလရှင်ဆရာကြီးများထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့် ပဲတို့ကို တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၊ သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက်၊ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ရန်ကုန်တိုင်း ဆားစက်လုပ်ငန်းရှင်များ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် အလှူရှင်များက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို အလှူရှင်များက ဆရာတော်ထံဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆွမ်းပဒေသာပင် အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုက ငွေကျပ် ၇၀၀၀၀၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၇၀၀၀၀၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် တစ်သိန်း၊ ရွှေပြည်သာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီနှင့် ရပ်ကွက်/ကျေးရွာ အုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ် သုံးသိန်း၊ ဦးရှောင်စန်း (ကရောင်းဝါယာကြိုးစက်ရုံ)က ငွေကျပ်သိန်း ၂၀၊ မခတ္တာယု (ခိုင်ခိုင်စန္ဒာ မော်တော်ယာဉ်ထုတ်လုပ်ရေး)ကငွေကျပ် ၁၁သိန်း၊ IBTC Co., Ltd. က ငွေကျပ် ၁၀ သိန်း၊ ရွှေပြည်သာမြို့နယ် ပညာရေးမိသားစုက ငွေကျပ် နှစ်သိန်း၊ အမျိုးသားကြီးပွားတိုးတက်ရေး ကုမ္ပဏီလီမိတက်က ငွေကျပ် ငါးသိန်း၊ (ဦးသိန်းမောင်)-ဒေါ်ပါးပါး (စန္ဒိပရဆေး)က ငွေကျပ် ၃၀၇၀၀၀၊ နိုင်မွန်သံရည်ကျိုစက်ရုံ၊ ဦးထွန်းလင်း - ဒေါ်ဆွေမာလွင် မိသားစု (ထွန်းလင်းကုမ္ပဏီ)၊ ဦးစိန်သန်း(ရွှေသဇင်ကုမ္ပဏီ)၊ရွှေပြည်သာမြို့နယ် ဆန်၊ ဆီကုန်သည်များအသင်း၊ သီရိသုဓမ္မ မဏိဇောတဓရ သမားတော် ဦးဘိုကြီး - သီရိသုဓမ္မသိင်္ဂီ ဒေါ်သန်းသန်း (ရွှေပဒေသာပြည်လုံးချမ်းသာဆေးတိုက်) တို့က ငွေကျပ်သုံးသိန်းစီ၊ ဦးထွန်းမြင့်-ဒေါ်စန်းစန်းဦး(ဘုတ်ဆုံမ ငရုတ်သီးမှုန့်) မဥ္ဇူထွန်းမြင့်ကုမ္ပဏီက ငွေကျပ် ၂၁၀၀၀၀၊ ရွှေပြည်သာစက်မှုဇုန် စီမံခန့်ခွဲမှုကော်မတီ အပိုင်း(၁) သုဓမ္မ မဏိဇောတဓရ သီဟသုဓမ္မ မဏိဇောတဓရ ဦးတင်အောင်-သီရိသုဓမ္မသိင်္ဂီ ဒေါ်လှလှနွယ် (ဝင်းရတနာခရီးသွားလုပ်ငန်း)၊ ဦးတင်ဝင်း (ရှန်ဟဲစက်ရုံ) စက်မှုဇုန်(၁)၊ ရန်ကုန်မြောက်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၊ အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ ဦးသန်းနိုင်-အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ ဒေါ်ကြည်ကြည်ဆွေ (သမ္မတသင်္ကန်းတိုက်)တို့က ငွေကျပ်နှစ်သိန်းစီ၊ ဦးသန်းလှိုင်-ဒေါ်စန္ဒာ (ဖြိုးနေအကြော်စုံလုပ်ငန်း)က ငွေကျပ် ၁၇၀၀၀၀၊ သီရိသုဓမ္မသိင်္ဂီ ဒေါ်မြသိန်း၊ သား ဦးရန်ရှင်း မိသားစု (ယူနိုက်တက်ဝင်းနားအင်တာနေရှင်နယ်)က ငွေကျပ် ၁၂၀၀၀၀၊ ဦးမျိုးအောင် - ဒေါ်ခင်ရည်မွန်(ဆန်းမြန်မာ ကုမ္ပဏီလီမိတက်)က ငွေကျပ် ၁၁၀၀၀၀၊ ဒုတိယဗိုလ်မှူးကြီးကျော်ညွန့်(ငြိမ်း)-ဒေါ်ခင်သိန်းဝင်း(တရားရုံးချုပ်ရှေ့နေ)၊ ဦးအုန်းလွင် (တိုယိုဘက်ထရီစက်ရုံ)၊ ဦးမောင်သောင်း (ရန်ကုန် ထရန်စဖော်မာစက်ရုံ)၊ ဦးအောင်သိန်း (ဂျမ်ဘို ခြင်နိုင်ဆေးခွေစက်ရုံ)၊ ဦးမျိုးတင့်သန်း(အက်စ်အမ်တီစက်ရုံ)၊ ပီအမ်ဂျီကုမ္ပဏီ၊ ဦးအောင်သိန်း (ရွှေဟသ်ာ ဆန်စက်)၊ တော်ဝင် သစ်အချောထည်စက်ရုံ (ဝါးတရာ)၊ ဦးကျော်အောင် (အောင်- ကြွေပြားစက်ရုံ)၊ ဦးအောင်ဝင်း-ဒေါ်မြင့်မြင့်ခင်၊သမီး ဖြိုးအိအိအောင်(မွန်မလေးကုန်စုံဆိုင်)၊ ရွှေပြည်သာစက်မှုဇုန် အပိုင်း၂+၃+၄၊ ဦးတင်ရွှေ (ရွှေအိုးစက်ရုံ)၊ ဦးဝေလင်း (တော်ဝင်စက်ရုံ)တို့က ငွေကျပ် တစ်သိန်းစီ၊ ရွှေပြည်သာမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့က ငွေကျပ် ၅၀၀၀၀နှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့က ငွေကျပ် ၅၀၀၀၀ အပါအဝင် စေတနာရှင်၊ အလှူရှင်များက ဆွမ်းပဒေသာပင် အလှူတော်ငွေစုစုပေါင်း ငွေကျပ် ၁၀၃၁၈၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊တိုင်းမှူး၊ ဒုတိယမြို့တော်ဝန်၊ တပ်မတော်အရာရှိကြီးများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ကြသည်။

ယင်းနောက် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး ဝင်းမောင်သိန်းက ဆွမ်းဆန်တော်၊ ဆီ၊ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် ရွှေပြည်သာမြို့နယ် သံဃနာယက အကျိုးတော်ဆောင် ဒွိပိဋကဓရ မဟာဂန္ထဝါစက ဘဒ္ဒန္တနာဂိတထံမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်တို့က အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ရွှေပြည်သာမြို့နယ် အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ခုနစ်တိုက်နှင့် သီလရှင် စာသင်တိုက် တစ်တိုက်တို့သို့ ယနေ့ လှူဒါန်းမှု အစုစုမှာ ဆွမ်းဆန်တော် ၂၀၉ အိတ် ၂၁ ပြည်၊ ဆီ ၅၃ ပိဿာ ၅၀ ကျပ်သား၊ အိုင်အိုဒင်းဆား ၅၃၅ ပိဿာ၊ ပဲ ၁၀၇ အိတ်၊ သွားတိုက်ဆေးဘူး ၁၀၀၊ လေဆာသွားတိုက်ဆေး ၈၆၄ ဘူး၊ တိုင်းရင်းဆေးမျိုးစုံ ဘူး ၂၁၀၊ ဘုတ်ဆုံမ ငရုတ်သီးမှုန့်ထုပ် ၁၀၀၀ နှင့် ဆွမ်းပဒေသာပင် အလှူငွေ ကျပ် ၁၀၃၁၈၀၀၀ တို့ဖြစ်သည်။

(သတင်းစဉ်)

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်တွင် သီတင်းသုံးတော်မူကြသည့် သံဃာတော်အရှင်သူမြတ်များအား စတုတ္ထအကြိမ် ဝါဆိုသင်္ကန်းနှင့် ဆွမ်းဆက်ကပ်လှူဒါန်းခြင်းကို ဇူလိုင် ၂၇ ရက်က ကမ္ဘာအေးကုန်းမြေ မိုးကုတ်ဆွမ်းစားဆောင်၌ကျင်းပရာ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို) ဥက္ကဋ္ဌ ဦးဇော်ဇော်နိုင်နှင့် အလှူရှင်များက သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ကမာရွတ်မြို့နယ် လှည်းတန်းဈေးသူဈေးသားများ၏ စုပေါင်း ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့်ကော့မှူး၊ ကွမ်းခြံကုန်း၊ ဒေးဒရဲ၊ ဘိုကလေး မြို့နယ် လေဘေးသင့်ပြည်သူများအတွက် သိန်း ၃၀၀ ကျော်လှူဒါန်းမှုတို့အတွက် ရေစက်ချပွဲအခမ်းအနားကို ဇူလိုင် ၂၁ ရက်က လှည်းတန်းဈေး သာယာရေးရုံးခန်း၌ ကျင်းပရာ ကမာရွတ်မြို့နယ် အမှတ်(၃)ရပ်ကွက် ထန်းတပင်ကျောင်းတိုက် ဓမ္မာစရိယ ဆရာတော်ဦးသုဇာတထံ ဈေးသာယာရေးအဖွဲ့ဥက္ကဋ္ဌ ဦးအုန်းမောင်နှင့်အလှူရှင်များက ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ဝတ္ထုများအား ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၄-၈-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အဆိုပြိုင်ပွဲ
၇း၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၈း၀၀ ၆။ အကပဒေသာ
၈း၁၀ ၇။ **“ချစ်လွန်းလို့” (ဖိုးဖြူ၊ ခင်စိုးပိုင်၊ မျိုးမျိုးခိုင်) (ဒါရိုက်တာ- ကြည်စိုးထွန်း)**
၈း၂၀ ၈။ တေးဂီတအစီအစဉ်
၈း၃၀ ၉။ International News.
၈း၄၀ ၁၀။ အတီးပြိုင်ပွဲ
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ အကပြိုင်ပွဲ
၄း၁၅ ၃။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာ တေးသံသာ
၄း၂၀ ၄။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၄း၃၀ ၅။ လက်ဆင့်ကမ်းပေး ဂီတတေး
၄း၄၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၄း၅၅ ၇။ **“တောမြိုင်စွန်းမှ လွမ်းမျက်ရည်” (ရဲအောင်၊ လူမုန်း၊ သူထူးစံ၊ မေသဥ္ဇာဦး၊ ထူးသာ၊ ကမ္ဘာရှား၊ ဂွမ်းပုံကြီး) (ဒါရိုက်တာ - အကယ်ဒမီ ပန်းချီစိုးမိုး)**
၅း၁၀ ၈။ အဆိုပြိုင်ပွဲ
၅း၂၀ ၉။ **“ကျွမ်းတိုင်း မကြမ်းနဲ့” (လျှမ်းထက်၊ သတ္တိ၊ ဖြိုးမောင်မောင်၊ သဇင်၊ နန်းဆုရတီစိုး၊ စုချစ်ဇော်) (ဒါရိုက်တာ- ဇော်လူထက်)**
၅း၃၀ ၁၀။ ရုပ်မြင်ရသတေးစုကဏ္ဍ
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၃၀ ၁၂။ မိုးလဝသအခြေအနေ
၆း၃၅ ၁၃။ အလှုရှာမယ် လှုကမ္ဘာဝယ်
၆း၅၀ ၁၄။ “အားမာန်ပြည့်ဖွံ့ဖြိုး ရှင်သန်နေသော တရုတ်ပြည်”
၇း၀၅ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ “မာယာများနှင့် လှည့်ကွက်”** (အပိုင်း--၁၇)
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်စိတ်ကူးလေး ကောင်းရဲ့သားနဲ့ (အပိုင်း-၁၇)**
၂၀။ အစီအစဉ်ပြီး၏။

ဂါဇာမြို့တွင် ဟားမတ်စ်တပ်ဖွဲ့နှင့် ဖာတာလက်နက်ကိုင်တပ်ဖွဲ့များ တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ဟားမတ်စ်လုံခြုံရေးတပ်ဖွဲ့ဝင်များ ကင်းလှည့်နေသည်ကို ဩဂုတ် ၂ ရက်က တွေ့ရစဉ်။

[ယင်းတိုက်ခိုက်မှုတွင် ငါးဦးသေဆုံးပြီး ၈၀ ခန့် ဒဏ်ရာ ရရှိသည်။]

(ဓာတ်ပုံ-အင်တာနက်)

တူရကီနိုင်ငံတွင် တောမီးလောင်ကျွမ်းမှုကြောင့် လယ်ယာဟက်တာ ၄၀၀၀ ခန့် ထိခိုက်ပျက်စီး

အစ္စတန်ဘူလ် ဩဂုတ် ၂

တူရကီနိုင်ငံ မီဒစ်တာရီယန်ပြည်နယ်ရှိ အန်တာယာတောအုပ်အတွင်း တောမီးလောင်ကျွမ်းမှုကြောင့် လယ်ယာဟက်တာ ၄၀၀၀ ခန့် ပျက်စီးဆုံးရှုံးခဲ့ရကာ အဆိုပါ တောမီးလောင်ကျွမ်းမှုကို တူရကီမီးသတ်တပ်ဖွဲ့မှ လေယာဉ်များဖြင့် မီးငြိမ်းသတ်လျက်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

သောကြာနေ့က စတင်လောင်ကျွမ်းခဲ့သည့် အဆိုပါ တောမီးသည် အန်တာယာဒေသအနီးရှိ ကမ္ဘာလှည့်ခရီးသွားများ လာရောက်လေ့ရှိရာ ဂရိရှေးဟောင်းပြဇာတ်ရုံ အနီးသို့ ရောက်ရှိခဲ့ကြောင်း သိရှိရသည်။ အဆိုပါဒေသမှ ဒေသခံများအား မီးအရှိန်ဖြင့် ဆက်လက်လောင်ကျွမ်းနေမှုကြောင့် ပြောင်းရွှေ့စေခဲ့သော်လည်း သေဆုံးမှုမရှိကြောင်း သိရှိရသည်။

ထိခိုက်ပျက်စီး

မိမိတို့အနေဖြင့် သမိုင်းတွင်စေမည့် အဆိုပါတောမီးအကြီးအကျယ်လောင်ကျွမ်းမှုကို အားသွန်ခွန်စိုက်ကြိုးပမ်း ငြိမ်းသတ်လျက်ရှိကြောင်းနှင့် မီးခိုးလုံးကြီးများသည် အဆိုပါဒေသအနှံ့သို့ ဖုံးလွှမ်းလျက်ရှိသည့်အပြင် စိုက်ပျိုးမြေ ဟက်တာ ၄၀၀၀ ခန့် ထိခိုက်ပျက်စီးခဲ့ရသည်ဟု အဆိုပါ ဒေသ၏ သစ်တောဘက်ဆိုင်ရာ ညွှန်ကြားရေးဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အန်ဒိုဂန် တူရီဒီက ပြောကြားသည်။

လေပြင်းများ တိုက်ခိုက်သဖြင့် တောမီးများလျင်မြန်စွာ ပျံ့နှံ့လောင်ကျွမ်းနေမှုကို အခက်အခဲများကြားမှ ရဟတ်ယာဉ်များနှင့်လေယာဉ်များကို အသုံးပြုကာ ငြိမ်းသတ်လျက်ရှိသည်။

အဆိုပါ တောမီးလောင်ကျွမ်းမှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသော လူနေအိမ်များနှင့် မီးခိုးများကြားမှ ထွက်ပြေးနေကြသည့် ဒေသခံများအား ဒေသဆိုင်ရာ ရုပ်မြင်သံကြားဌာနမှ ရိုက်ကူးပြသခဲ့သည်။ မီးသည် မည်သို့မျှ ပြင်ဆင်ချိန်မရမီ လျင်မြန်စွာ ပျံ့နှံ့လောင်ကျွမ်းလျက် ရှိသည့်အပြင် တစ်ရွာလုံးနီးပါး မီးလောင်ကျွမ်းလျက်ရှိသည်ဟု ဒေသခံတစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

စီချွမ်ပြည်နယ်တွင် ငလျင်ထပ်မံလှုပ် နေအိမ် ၅၄၀ ပျက်စီးပြီး ၂၃၁ ဦး ဒဏ်ရာရ

ချန်ဒူး ဩဂုတ် ၂

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ်တွင် သောကြာနေ့ညနေပိုင်းက ရစ်ချ်တာစကေး ၆ ဒသမ ၁ အဆင့်ရှိ ငလျင် ထပ်မံလှုပ်ရာ ၂၃၁ ဦး ဒဏ်ရာရရှိပြီး လေးဦးမှာ စိုးရိမ်ရသော အခြေအနေရှိကြောင်း ဒေသဆိုင်ရာအစိုးရ၏ နောက်ဆုံးထုတ်ပြန်သော ကိန်းဂဏန်းများအရ သိရသည်။

မီယမ်းမြို့တော်အတွင်း ပန်ဝူနှင့်ဘိုင်ချွမ်းခရိုင် ဆုံရာဒေသတွင် ငလျင်လှုပ်ခြင်းဖြစ်သည်။ ပန်ဝူခရိုင်တွင် လူဦးရေ ၁၃၀၀၀၀ ငလျင်ဒဏ် ခံစားရပြီး နေအိမ် ၅၄၀ ပျက်စီးခဲ့သည်ဟု ခရိုင်သတင်းထုတ်ပြန်ရေးဌာနမှ ဒုတိယဥက္ကဋ္ဌက ပြောကြားသည်။

ငလျင်ကြောင့် ပန်ဝူခရိုင်မှ နန်ဘာမြို့နယ်အထိ မြေပြိုမှုများ ဖြစ်ပေါ်ခဲ့သည့်အပြင် စီချွမ်ပြည်နယ်မြောက်ပိုင်း လမ်းများပေါ်တွင်လည်း တန်ချိန်ဒါဇင်ပေါင်းများစွာရှိသော ကျောက်တုံးများ ဖုံးအုပ်လျက်ရှိသည်။

ငလျင်ဒုက္ခသည်များကို မိုးကာတဲများနှင့် အသင့်တပ်ဆင်နိုင်သော အိမ်များ စီစဉ်ပေးမည်ဟု ၎င်းဒုတိယဥက္ကဋ္ဌက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

အိန္ဒိယနိုင်ငံမြောက်ပိုင်း တောင်ပေါ်ကျောင်းတစ်ခုတွင် တိုးဝှေ့နင်းမိရာမှ အနည်းဆုံး ၁၂၀သေဆုံး

နယူးဒေလီ ဩဂုတ် ၃

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဟိမချာလ်ပရာဒက်ရှ်ပြည်နယ် ဘီဆာပါခရိုင်ရှိ တောင်ထိပ်ပေါ်တွင် ဘုရားဖူးလာသူလူအုပ်ကြီး တိုးဝှေ့ပြေးလွှားရာမှ တစ်ဦးနှင့်တစ်ဦး နင်းမိပြီး အနည်းဆုံး ၁၂၀သေဆုံးကြောင်း ရဲတပ်ဖွဲ့က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

သေဆုံးသူများတွင် ကလေး၃၀ပါဝင်ပြီး ဒဏ်ရာရရှိသူ ဒါဇင်ပေါင်းများစွာတို့ကို ဆေးရုံသို့ တင်ပို့ရသည်ဟုဆိုသည်။

တောင်ပေါ်ဘုရားကျောင်းသို့ တက်သောလမ်းကျဉ်းတွင် ကာရံထားသော သတ္တုချောင်းလက်ရန်းများ ကျိုးသွားရာမှ ဘုရားဖူးများ အထိတ်တလန့်ဖြစ်ကာ ပြေးလွှားရာမှ အချင်းချင်းတက်နင်းမိကြ၍ သေဆုံးကြရခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

[နောက်ဆုံးစီအင်န်အင်န်သတင်းထုတ်လွှင့်ချက်အရ သေဆုံးသူ ၁၄၅ဦး အထိရှိကြောင်း သိရသည်။]

အင်တာနက်။

အိန္ဒိယတွင် ရထားတွဲမီးလောင် ၁၅ဦး သေဆုံးပြီး လေးဦး ဒဏ်ရာရရှိ

မွန်ဘိုင်း ဩဂုတ် ၂

အိန္ဒိယနိုင်ငံ ဝါရန်နေဂယ်လ်ဒေသတွင် သောကြာနေ့ နံနက်အစောပိုင်းက မီးရထားတွဲ ငါးတွဲ မီးလောင်မှု ဖြစ်ပွားခဲ့သဖြင့် ၁၅ ဦး သေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်းအရ သိရှိရသည်။

အဆိုပါ မီးလောင်မှုကြောင့် သေဆုံးသူဦးရေမှာ မြင့်တက်လျက်ရှိသည့်အပြင် မီးလောင်ကျွမ်းခံရသည့် အလောင်း ၁၃ လောင်းအား ရထားတွဲတစ်တွဲအတွင်းမှ တွေ့ရှိခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဒဏ်ရာရရှိသူများအား ဝါရန်နေဂယ်လ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။ အဆိုပါ မီးလောင်မှုကြောင့် သေဆုံးသွားကြရသူများ၏ ဆွေမျိုးသားချင်းများအား အမေရိကန်ဒေါ်လာ ၁၂၀၀၀ ကို လျော်ကြေးအဖြစ် ထောက်ပံ့ပေးမည်ဟု မီးရထားပို့ဆောင်ရေးဝန်ကြီး လာလုပရာဆက်ဒ်ရာဒက်ဗ်က တရားဝင် ထုတ်ပြန်ကြေညာခဲ့သည်။

၎င်းမီးရထားသည် ဆန်ဒရာဘတ်မြို့မှ ကာကီနာဒါမြို့သို့အသွားတွင် သောကြာနေ့ နံနက်ပိုင်းက အိပ်စင်ခန်းတစ်ခုမှ စတင်၍ မီးလောင်မှုဖြစ်ပွားခဲ့ပြီး အခြားလေးတွဲသို့ ကူးစက် လောင်ကျွမ်းခဲ့ကြောင်းနှင့် အဆိုပါဖြစ်စဉ်ကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း မီးရထားဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ မီးရထားသည် မီးလောင်မှုဖြစ်ပွားခဲ့သည့် တွဲငါးတွဲအား ဖြုတ်ချခဲ့ပြီး ကာကီနာဒါမြို့သို့ နာရီအနည်းငယ် နောက်ကျပြီး ဆက်လက်ထွက်ခွာခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်နိုင်ငံတွင် အေအိုင်ဒီအက်စ်ရောဂါဖြစ်ပွားသူ ပိုမိုများပြားလာ

ဝါရှင်တန် ဩဂုတ် ၃

အသစ်တဖန်ပြုလုပ်သည့် စစ်တမ်းများအရ နှစ်စဉ်အမေရိကန်နိုင်ငံသား အနည်းဆုံး ၅၆၀၀၀ ခန့်သည် အေအိုင်ဒီအက်စ်ရောဂါဖြစ်ပွားလျက်ရှိရာ ယခင်ကထက် ရာခိုင်နှုန်း၄၀ ပိုမိုမြင့်တက်လာခဲ့ခြင်းဖြစ်သည်ဟု အမေရိကန်နိုင်ငံ ရောဂါထိန်းချုပ်ရေးနှင့် ကြိုတင်ကာကွယ်မှုဌာနများ(စီဒီစီ)က စနေနေ့တွင် ထုတ်ဖော်ပြောကြားသည်။

အဆိုပါအဖွဲ့သည် အမေရိကန်နိုင်ငံသား လူတန်းစားအလွှာအသီးသီးကို ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်စေခဲ့ပြီးနောက် အခြေအနေမှန်ကို ဖော်ပြခဲ့ခြင်းဖြစ်သည်။

ကနဦးလေ့လာမှုများအရ ၂၀၀၆ခုနှစ်မှ စတင်၍ အနီးစပ်ဆုံးလူ ၅၆၃၀၀ ခန့် အိပ်ချ်အိုင်ဗွီ ဗိုင်းရပ်စ်ပိုး ကူးစက်ခံရကြောင်း အဆိုပါအဖွဲ့၏ ကြေညာချက်တွင် ဖော်ပြထားသည်။

ယခင်က တစ်နှစ်လျှင် လူ ၄၀၀၀၀နီးပါး ရောဂါကူးစက်ခံရပြီး ယခုအခါ ၄၀ရာခိုင်နှုန်းကျော် သိသိသာသာ မြင့်တက်ခဲ့သည်။ အဆိုပါ အိပ်ချ်အိုင်ဗွီဗိုင်းရပ်စ်ပိုး ကူးစက်ခံရမှုသည် ၁၉၉၀ပြည့်နှစ်မှစတင်ကာ မြင့်တက်လျက်ရှိသည်ဟု အဆိုပါ အဖွဲ့က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

၂၀၀၈ ခုနှစ် ပေကျင်း အိုလံပစ်အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားအတွက်အမျိုးသားအားကစားရုံတွင်မီးရှူးမီးပန်းများ စမ်းသပ်ပစ်လွှတ်နေသည်ကို ဩဂုတ်၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-ဆင်ဟွာ)

ဘဂ္ဂဒက်လမ်းမပေါ် ထရပ်ကားဗုံးကွဲ ၁၂ဦးသေဆုံး၊ နှစ်ဒါဇင်ခန့် ဒဏ်ရာရရှိ

ဘဂ္ဂဒက် ဩဂုတ် ၃

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ပိုင်း လူစည်ကားသော စီးပွားရေးအချက်အချာကျသည့် လမ်းပေါ်တွင် တနင်္ဂနွေနေ့ ရုံးဆင်းချိန်၌ ထရပ်ကားဗုံးတစ်လုံးပေါက်ကွဲရာ အနည်းဆုံး ၁၂ဦးသေဆုံးပြီး နှစ်ဒါဇင်ခန့် ဒဏ်ရာရရှိကြောင်း အီရတ် ရဲတပ်ဖွဲ့နှင့် ကျန်းမာရေးဌာနက ပြောကြားသည်။

ပြီးခဲ့သည့် တနင်္လာနေ့မှတွက်လျှင် ယခု ဗုံးပေါက်ကွဲမှုသည် အကြီးမားဆုံးဖြစ်သည်။

ထိုနေ့မှာပင် ဘဂ္ဂဒက်မြို့တောင်ပိုင်း၌ လမ်းဘေးဗုံး ပေါက်ကွဲရာ အီရတ်တပ်ဖွဲ့ဝင် သုံးဦးအပါအဝင် ခြောက်ဦးသေဆုံးပြီး ၁၃ဦး ဒဏ်ရာရရှိသည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

တိုက်ပွဲဖြစ်

ဘဂ္ဂဒက်မြို့ မြောက်ပိုင်း၌ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် လက်နက်ကိုင်များအကြား တိုက်ပွဲဖြစ်ပွားရာ အရပ်သားတစ်ဦးသေဆုံးပြီး ၁၀ဦးဒဏ်ရာရရှိသည်ဟု ရဲတပ်ဖွဲ့က ထပ်မံပြောကြားသည်။

အင်တာနက်။

ဖီလာဒဲလ်ဖီးယားမြို့ဆင်ခြေဖုံးရှိ စာကြည့်တိုက် အပြင်ဘက်တွင် ပစ်ခတ်မှုကြောင့် လူနှစ်ဦး သေဆုံးရပြီးနောက် ထောက်လှမ်းရေးမှူး များက မော်တော်ယာဉ်များအား စစ်ဆေးနေသည်ကို ဩဂုတ် ၁ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန် အလုပ်လက်မဲ့နှုန်း လေးနှစ်အတွင်း အမြင့်ဆုံးသို့ရောက်

ဝါရှင်တန် ဩဂုတ် ၂

အမေရိကန် ပြည်ထောင်စုတွင် အလုပ်လက်မဲ့နှုန်းသည် ဇူလိုင်လ၌ လေးနှစ်အတွင်း ၅ ဒသမ ၇ ဖြင့် အမြင့်ဆုံးသို့ ရောက်ရှိနေရာ စီးပွားရေးကျဆင်းမှု ကြီးထွားလာမည်ကို စိုးရိမ်နေရကြောင်း အလုပ်သမားရေးရာဌာန၏ သောကြာနေ့က ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဇူလိုင်လတွင် လုပ်ငန်းရှင်များသည် အလုပ်သမား ၅၁၀၀၀ အလုပ်ဖြုတ်ခဲ့ရာ တစ်နိုင်ငံလုံး အတိုင်းအတာနှင့် ကြည့်လျှင်ခုနစ်လဆက်တိုက် အလုပ်သမားများ အလုပ်ဖြုတ်ခံရခြင်း ဖြစ်သည်။ လွန်ခဲ့သည်လက စီးပွားရေးပညာရှင်များက ၆၅၀၀၀ အလုပ်ဖြုတ်လိမ့်မည်ဟု ခန့်မှန်းထားခဲ့ရာ မျှော်မှန်းထားသည်ထက် လျော့နည်းနေသည်ကို တွေ့ရသည်။

အစီရင်ခံစာတွင် ဆောက်လုပ်ရေး၊ ကုန်ထုတ်လုပ်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် အလုပ်လက်မဲ့များ ဆက်လက် ဖြစ်ပေါ်နေလိမ့်မည်ဟု ဖော်ပြထားသည်။ လွန်ခဲ့သည်လတွင် ကုန်ပစ္စည်းထုတ်လုပ်သော လုပ်ငန်းများတွင် အလုပ်သမားငှားရမ်းခြင်းသည် ၄၆၀၀၀ ခန့် ကျဆင်းခဲ့သည်။ စက်ရုံများတွင်အလုပ်သမား ၃၅၀၀၀ အလုပ်ဖြုတ်ခံခဲ့ရသည်။တည်ဆောက်ရေးလုပ်ငန်းမှ အလုပ်အကိုင်ရရှိသူဦးရေသည် ၂၂၀၀၀ သို့ ကျဆင်းသွားခဲ့သည်။ ဝန်ဆောင်မှုကဏ္ဍတွင် ပြီးခဲ့သည့်လက အလုပ်သမား၅၀၀၀ခန့် အလုပ်ဆုံးရှုံးသွားခဲ့သည်။ အသက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးလုပ်ငန်းများဝန်ဆောင်မှုတွင် အလုပ်သမား ၂၄၀၀၀ အလုပ်လက်မဲ့ ဖြစ်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ကိုလံဘီယာ၌ မူးယစ်မှောင်ခိုရောင်းဝယ်သူ ဖမ်းမိ

ဘိုဂိုတာ ဩဂုတ် ၂

ကိုလံဘီယာ ရဲတပ်ဖွဲ့သည် အမေရိကန်အစိုးရက မူးယစ်ဆေးဝါးရောင်းဝယ်မှုဖြင့် အလိုရှိနေသော ကိုလံဘီယာနိုင်ငံသား တစ်ဦးကို ဖမ်းမိပြီဖြစ်ကြောင်း ကိုလံဘီယာ ရှေ့နေချုပ်ရုံးက သောကြာနေ့တွင် ပြောကြားသည်။

ဝိလ်ဆန်ဟင်နရီဗီလမ်စအားမက္ကဆီကိုနှင့် ဒိုမီနီကန်ရီပတ်ဘလစ်နိုင်ငံတို့မှတစ်ဆင့်အမေရိကန်ပြည်ထောင်စုအတွင်းသို့ လေကြောင်းရေကြောင်းလိုင်းများ အသုံးပြု၍ ဘိန်းဖြူများ တင်ပို့နေသည်ဟု သက်သေမကင်းကြောင်း စုံစမ်းစစ်ဆေးသူများက ပြောကြားသည်။

အမေရိကန် အာဏာပိုင်တို့က အလိုရှိနေသော ဘိန်းဖြူမှောင်ခိုဂိုဏ်း၏ အကြီးအကဲကို ကာလီမြို့တော်တွင် ဖမ်းဆီးရမိခဲ့ကြောင်း ရှေ့နေချုပ်ရုံးက ပြောကြားသည်။

ကိုလံဘီယာ မြောက်ပိုင်း ကာတာဂီနာမြို့တွင်မကြာမီကကျင်းပခဲ့သော တရားမဝင်မူးယစ်ဆေးဝါးတိုက်ဖျက်မှု ပူးပေါင်းဆောင်ရွက်ရေး ညီလာခံ၌ မူးယစ်ဆန့်ကျင်ရေး ရဲတပ်ဖွဲ့ ညွှန်ကြားရေးမှူး အဲလ်ဗာရိုကာနိုက ကိုလံဘီယာ မူးယစ်အဖွဲ့ငယ်များသည် မက္ကဆီကို မာဖီးယားများနှင့် ပူးပေါင်း၍ အမေရိကန်ပြည်ထောင်စုအတွင်းသို့ မူးယစ်ဆေးဝါးများ တင်သွင်းနေ ကြောင်းပြောကြားသည်။

အဖွဲ့ငယ်များသည် မက်ဆီကန်များနှင့် နီးကပ်စွာ ဆက်ဆံလျက်ရှိသည်။ ကိုလံဘီယာအဖွဲ့များက မူးယစ်ဆေးဝါးများကို မက္ကဆီကိုသို့ပို့ပြီး မက္ကဆီကို မာဖီးယားများက အမေရိကန်နိုင်ငံအတွင်းသို့ တင်ပို့သည်။ ရရှိလာသော အမြတ်ကို တစ်ဝက်စီရယူကြကြောင်း ကာနိုက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဟန်ဂေရီဂရင်းပရီကားမောင်းပြိုင်ပွဲဝင်မည့် မက်လာရင့်မာစီးဒီးပြိုင်ကားအား လူဝစ်ဟယ်မီလ်တန်က လေ့ကျင့်မောင်းနှင်နေသည်ကို ဩဂုတ် ၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဂျပန်ဝန်ကြီးချုပ် အစိုးရအဖွဲ့ အပြောင်းအလဲလုပ်

တိုကျို ဩဂုတ် ၃

ဂျပန်ဝန်ကြီးချုပ် ယာဆူအိုဖူကူဒါသည် လာမည့်လွှတ်တော်ရွေးကောက်ပွဲတွင် ထောက်ခံမှု ပိုမိုရရှိလာစေရန် ကြိုးပမ်းမှုတစ်ရပ်အဖြစ်၎င်း၏၁၇ဦးပါ အစိုးရအဖွဲ့ကို သောကြာနေ့က အပြောင်းအလဲ လုပ်ခဲ့သည်။

အစိုးရအဖွဲ့ အတွင်းရေးမှူးချုပ် နိုဘူတာက မချီမူရာ၊ နိုင်ငံခြားရေးဝန်ကြီး ကိုမူရာ၊ ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဝန်ထမ်းဝန်ကြီး ယိုအိချီမစုဇိုး အပါအဝင် ဝန်ကြီးလေးဦး မူလရာထူးပြန်လည်ရရှိသည်။ ဂျပန်သတင်းဌာနများက ဝန်ကြီးချုပ်သည် ၎င်း၏ အစိုးရအဖွဲ့သစ်တွင် မျက်နှာသစ်များနှင့် အရည်အချင်းရှိသူများကို ထည့်သွင်းရန် ရည်ရွယ်သည်ဟု ရေးသားကြသည်။

ဝန်ကြီးချုပ်၏ တရားဝင်စံအိမ်တော်တွင် ထိုနေ့ညနေပိုင်း၌ ကျင်းပသော သတင်းစာရှင်းလင်းပွဲ၌ အစိုးရအဖွဲ့သစ်၏စာရင်းကို မချီမူရာက ဖတ်ကြားခဲ့သည်။

ဖူကူဒါသည် ဘဏ္ဍာရေးနှင့် စီးပွားရေးမူဝါဒတို့ဖြင့် ဆက်နွယ်နေသော ဝန်ကြီးနေရာများကိုအာဏာရလစ်ဘရယ် ဒီမိုကရက်တစ်ပါတီ(အယ်လ်ဒီပီ)မှ ဩဇာအာဏာရှိသည့် ပုဂ္ဂိုလ်များအား ခန့်အပ်သည်။

အယ်လ်ဒီပီ အထွေထွေကောင်စီ ဥက္ကဋ္ဌနှင့် စီးပွားရေး၊ ကုန်သွယ်ရေးနှင့်စက်မှုလုပ်ငန်းဝန်ကြီးဟောင်း တိုရှိဟီရိုနိကအိသည်အစိုးရအဖွဲ့တွင်မူလရာထူးပြန်ရသည်။အယ်လ်ဒီပီ အထွေထွေအတွင်းရေးမှူး ဘန်မီးအိဘူကီသည် ဘဏ္ဍာရေးဝန်ကြီး၊ အစိုးရအဖွဲ့အတွင်းရေးမှူးဟောင်း ကအိုရုယိုဆာနိုက စီးပွားရေးနှင့် အခွန်ဆိုင်ရာမူဝါဒအကြီးအကဲဝန်ကြီး၊အယ်လ်ဒီပီ မူဝါဒသုတေသနကောင်စီဥက္ကဋ္ဌဟောင်း ဆာဒါကဇူတာနိဂါကီသည် မြေယာ၊ လမ်းတံတား သယ်ယူပို့ဆောင်ရေးနှင့် ခရီးသွားဝန်ကြီး ဖြစ်လာသည်။

အမ်အင်အေ၊ဆင်ဟွာ။

(၁၅) ကြိမ်မြောက် ဆာအတ်ထိပ်သီးဆွေးနွေးပွဲ ကိုလံဘိုတွင်ကျင်းပ

ကိုလံဘို ဩဂုတ် ၂

သီရိလင်္ကာနိုင်ငံ မြို့တော်ကိုလံဘိုတွင် သောကြာနေ့နံနက်ပိုင်းက (၁၅) ကြိမ်မြောက် တောင်အာရှနိုင်ငံများဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (ဆာအတ်)ထိပ်သီးဆွေးနွေးပွဲကို စတင်ရာ အဖွဲ့ဝင်နိုင်ငံများ၏ အစိုးရအဖွဲ့နှင့်နိုင်ငံအကြီးအကဲများ တက်ရောက်ကြသည်။

သီရိလင်္ကာသမ္မတ၏အဖွင့်မိန့်ခွန်းတွင် စားနပ်ရိက္ခာဖူလုံရေး၊ အကြမ်းဖက်တိုက်ဖျက်ရေး၊ ဆာအတ်ရိက္ခာဘဏ်နှင့် ဆာအတ်ဖွံ့ဖြိုးရေးဘဏ် ထူထောင်ရေးနှင့်အခြားဒေသဆိုင်ရာ ဖွံ့ဖြိုးရေးကိစ္စများကို ထည့်သွင်းပြောကြားသွားသည်။

ယခုကျင်းပသော ထိပ်သီးဆွေးနွေးပွဲသို့ အာဖဂန်သမ္မတဟာမစ်ကာဇိုင်း၊ ဘူတန်ဝန်ကြီးချုပ် ဂျစ်မီးဘင်လေး၊ ဘင်္ဂလားဒေ့ရှ် အကြံပေးအကြီးအကဲ ဖခ်ရာဒင်အာမက်၊ မော်လဒိုက်သမ္မတ မော့မွန်းအဒူဂါယွန်၊ နီပေါဝန်ကြီးချုပ် ဂီရီဂျာ ပရာဘတ်ကွိုင်ရာလာ၊ အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းနှင့် ပါကစ္စတန်ဝန်ကြီးချုပ် ယူဆွတ်ရာဇာဂီလာနီတို့ တက်ရောက်ကြသည်။

ဆွေးနွေးပွဲကို ဩဂုတ် ၂ ရက်မှ ၃ ရက်အထိ နှစ်ရက်ကြာ ကျင်းပခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ပေါ်တူဂီလေဆိပ်သို့ လေယာဉ်တစ်စင်း အရေးပေါ်ဆင်း

လစ္စဘွန်း ဩဂုတ် ၂

ပေါ်တူဂီနိုင်ငံတောင်ပိုင်းနိုင်ငံတကာလေဆိပ် အယ်လ်ဖာရိုသို့ သောကြာနေ့က ခရီးသည် ၁၉၇ဦး တင်ဆောင်လာသော လန်ဒန်မှလာသည့် လေယာဉ်တစ်စင်းသည် အရေးပေါ်ဆင်းသက်ခဲ့ကြောင်း၊ ခရီးသည်တစ်ဦးမျှ ဒဏ်ရာမရရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဒေသစံတော်ချိန် ၁၁ နာရီတွင် အယ်လ်ဖာရိုလေဆိပ်သို့ ဆင်းခွင့်တောင်းခံလာသော လေယာဉ်၏ အရေးပေါ်အခြေအနေကို မြို့ပြကာကွယ်ရေး အရာရှိများက အတည်ပြုပြောကြားသည်။ အဆိုပါလေယာဉ်သည်အင်ဂျင်ချို့ယွင်းမှုဖြစ်ပေါ်ခဲ့ခြင်း ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အာဖဂန်တွင် လမ်းဘေးဗုံးနှစ်လုံး ပေါက်ကွဲမှုကြောင့် နေတိုးတပ်ဖွဲ့ဝင် ငါးဦးနှင့် အရပ်သား တစ်ဦး သေဆုံး

ကဘူးလ် ဩဂုတ် ၂

အာဖဂန်နစ္စတန် အရှေ့ပိုင်းတွင် သောကြာနေ့က လမ်းဘေးဗုံးနှစ်လုံး ပေါက်ကွဲသဖြင့် နေတိုးအဖွဲ့ဦးဆောင်သည့် နိုင်ငံတကာ လုံခြုံရေး အထောက်အကူပြုတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်)မှ တပ်ဖွဲ့ဝင်ငါးဦးနှင့် အရပ်သား တစ်ဦးတို့ သေဆုံးခဲ့ရကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

ကူနာပြည်နယ်အတွင်းဖြစ်ပွားခဲ့သည့်အဆိုပါဗုံးပေါက်ကွဲမှုမှာအရေးပေါ်ဖောက်ခွဲရေးအဖွဲ့(အိုင်အီးဒီ)၏ လက်ချက်ဖြစ်ကြောင်းနှင့် ကာပီဆာပြည်နယ်တွင်လည်း အခြားလမ်းဘေးဗုံးပေါက်ကွဲမှု ဖြစ်စဉ်ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း နိုင်ငံတကာလုံခြုံရေးတပ်ဖွဲ့က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ သို့ရာတွင် သေဆုံးခဲ့ရသည့်တပ်ဖွဲ့ဝင်များမှာ မည်သည့်နိုင်ငံသားများဖြစ်သည်ကိုမူ ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

အာဖဂန်နစ္စတန်တောင်ပိုင်း ကန်ဒါဟာပြည်နယ်ရှိ ပင်န်ဂျဝေရီဒေသ၌ ဇူလိုင် ၃၁ ရက်က ကင်းလှည့်ယာဉ်တန်းသည် လမ်းဘေးဗုံး နင်းမိသဖြင့် အာဖဂန်အစိုးရတပ်ဖွဲ့ဝင်ငါးဦး သေဆုံးပြီး အခြားနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အစိုးရတပ်ဖွဲ့မှ လက်ထောက်အကြီး အကဲဖြစ်သူ ဘစ်မေးလ်လက်ချ်ကေဟန်က ပြောကြားသည်။ တစ်ဆက်တည်း မှာပင် အဆိုပါ တိုက်ခိုက်မှုများအတွက် တာလီဘန်တို့တွင် တာဝန်ရှိသည်ဟု ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အစိုးရဆန့်ကျင်ရေး အဖွဲ့များအနေဖြင့် အသေခံဗုံးဖောက်ခွဲခြင်းနှင့် လမ်းဘေးဗုံး ဖောက်ခွဲခြင်းတို့ဖြင့် တိုက်ခိုက်မှုများ ဆက်လက် လုပ်ဆောင်လျက်ရှိသည့်အပြင် အာဖဂန်အစိုးရအဖွဲ့ကလည်း တာလီဘန် စစ်သွေးကြွများအပေါ် ပြီးခဲ့သည့်သီတင်းပတ်အတွင်းက စတင်ကာတိုက်ခိုက်မှုများကို တိုးမြှင့်လျက်ရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အရှေ့မြောက်ဘက် ၆၅ ကီလိုမီတာအကွာရှိ ဘာကူဘာပြည်နယ် ကာတွန်ဒေသတွင် သောင်းကျန်းသူများအား စီးနင်းရှာဖွေနေသော အီရတ်တပ်ဖွဲ့ဝင်များအနက် တစ်ဦးကို ဩဂုတ် ၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လေဘောသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်
☆ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်
☆ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘောသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး	ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း- ၀၆၇ ၄၀၄၀၂၂ နှင့်
ဒုတိယရုံးအဖွဲ့မှူး	ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။

ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် ဝန်ကြီး ဦးအောင်ကြည် ပြည်ပအလုပ်အကိုင်လုပ်ငန်း၊ အကျိုးဆောင်လိုင်စင်ရ ကုမ္ပဏီများမှ တာဝန်ရှိသူများအား တွေ့ဆုံမှာကြား

ရန်ကုန် ဩဂုတ် ၃

ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ အမှတ်(၂) စက်မှုဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဦးအောင်ကြည်တို့သည် ပြည်ပအလုပ်အကိုင်လုပ်ငန်း၊ အကျိုးဆောင်လိုင်စင်ရ ကုမ္ပဏီများမှ တာဝန်ရှိသူများအား ယနေ့ နံနက်၉နာရီတွင် ရန်ကုန်မြို့ရှိ လူမှုဖူလုံရေးအဖွဲ့ ဆေးသိုလှောင်ရုံအစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးရာ တွေ့ဆုံဆွေးနွေးပွဲသို့ အလုပ်သမားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံရာ၌ ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ အမှတ်(၂) စက်မှု ဝန်ကြီး ဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် အလုပ်သမားဝန်ကြီးဌာန

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍

အမှာစကား ပြောကြား

ပြည်ပတွင် အလုပ်လုပ်ကိုင်မှု ကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ၊ အမှတ်(၂) စက်မှုဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း ပြည်ပအလုပ်အကိုင် လုပ်ငန်း၊ အကျိုးဆောင် လိုင်စင်ရ ကုမ္ပဏီများမှ တာဝန်ရှိသူများအား အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

သန့်ရှင်းသာယာ စိမ်းလန်းသော ပေကျင်းမြို့တော်ဖြစ်စေရန် တရုတ်ဝန်ကြီးချုပ် ကတိပေး

ပေကျင်း ဩဂုတ် ၃

တရုတ်နိုင်ငံဝန်ကြီးချုပ် ဝမ်ကျားပေါင်သည် အိုလံပစ်အားကစားပြိုင်ပွဲကြီး ကျင်းပနေစဉ်နှင့် ကျင်းပပြီးနောက် ပေကျင်းမြို့တော်ကို အစဉ်သန့်ရှင်းသော၊ စိမ်းလန်းစိုပြည်သော၊ လှပသော မြို့တော်ဖြစ်စေရန် ထိန်းသိမ်းသွားမည်ဟု တနင်္ဂနွေနေ့က ကတိပေးပြောကြားလိုက်သည်။

ပြိုင်ပွဲကျင်းပရန် ငါးရက်အလိုတွင် လေ့ကျင့်နေကြသော အားကစားသမားများ၊ လုပ်အားပေးများနှင့် အလုပ်သမားများထံသို့ ဝန်ကြီးချုပ်က သွားရောက်လည်ပတ်ခဲ့သည်။

"တရုတ်နိုင်ငံဟာ တာဝန်သိတဲ့နိုင်ငံပါ၊ အိုလံပစ်အားကစားပွဲတော်အတွက်ပေးထားတဲ့ ကတိတွေကို ကျွန်တော်တို့ အပြည့်အဝ ဖြည့်ဆည်းပေးမှာပါ၊ ကျွန်တော်တို့ဟာ အားကစားပြိုင်ပွဲကြီးကို အဆင့်အတန်းမြင့်မြင့် အများနှင့်မတူ တစ်မူထူးခြားစွာ ညှော်ခံကျင်းပသွားရုံတင်မက သာယာသည်ထက်သာယာတဲ့၊ စိမ်းစိုသည်ထက်စိမ်းစိုတဲ့၊ ယဉ်ကျေးသည်ထက်ယဉ်ကျေးတဲ့ မြို့တော်ကြီးဖြစ်လာအောင် မဆုတ်မနစ်ကြိုးစားသွားကြမှာပါ" ဟု ဝန်ကြီးချုပ်က ပြောကြားသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ✳